# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 4 September 2025 ၁၁၉၃၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၈ နာရီတွင် ပေကျင်းမြို့ Tian’anmen ရင်ပြင်၌ ကျင်းပပြုလုပ်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ »»**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။



ကြေးမုံ

# လူငယ်မောင်မယ်များစွမ်းပကားဖြင့် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုကြရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်တည်ဆောက်ကြမည့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်သည်။ လူငယ်မောင်မယ်များသည် အနာဂတ်ကို စောင့်ဆိုင်းနေကြသူများမဟုတ်ဘဲ ပစ္စုပ္ပန်တွင် မောင်းနှင်နေကြသူများဖြစ်သလို အနာဂတ်ကို ပုံဖော်ထုဆစ်နေကြသည့် ဗိသုကာပညာရှင်များလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် "လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်" ဟူသည့် သဘောတရားနှင့်အညီ ခိုင်ခိုင်မာမာ ယုံယုံကြည်ကြည် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်မျိုးဆက်များသည် အတွေးအခေါ်၊ အတွေ့အကြုံ၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စတို့တွင် ထူးချွန်ထက်မြက်နေရန် လိုအပ်သည်။ ထိုသို့ဖြစ်စေရန် လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးကဏ္ဍများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်ရှိနေစေရန် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ဆောင်ပေးလျက်ရှိရာတွင် ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပခဲ့သည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သည် ကြီးကျယ်ခမ်းနားပြီး အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံကောင်းမွန်အောင် စီစဉ်ပေးထားသော အခမ်းအနားအဖြစ် တွေ့မြင်ခဲ့ရသည်။ အခမ်းအနားတွင် နိုင်ငံတော်၏ တန်ဖိုးအထားရဆုံး သားကောင်းရတနာများဖြစ်သည့် လူငယ်လူရွယ်များ၏ လန်းဆန်းတက်ကြွသည့် အသွင်သဏ္ဌာန်များ၊ ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်ခွန်အားများကို မြင်တွေ့ခဲ့ရသဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိသည်။

နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေး၊ အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်မှု အရည်အချင်းများမြှင့်တင်ရန်၊ ဖိုရမ်တွင် အပြန်အလှန်ဆွေးနွေး ပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနီးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်လာမည့် အနာဂတ်လမ်းကြောင်းများကို လူငယ်များကိုယ်တိုင် ရှုမြင်အဆိုပြုနိုင်စွမ်းမြှင့်တင်ရန်နှင့် အနာဂတ်တွင် ဆောင်ရွက်ကြမည့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကို ဖန်တီးပေးရန်ဟူသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ကို အောင်မြင်စွာကျင်းပခဲ့သည်။

ဖိုရမ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြပြီး လူငယ်ပေါင်း ၄၀၀ ခန့်အား မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ သတိမပြတ်မှုများ လေ့ကျင့်ပေးနိုင်ခြင်း၊ ဖိုရမ်တွင် ပညာရှင်များနှင့် လိုက်ပါဆွေးနွေးရင်း တက်ရောက်လာကြသော လူငယ်များအနေဖြင့် မိမိတို့၏ အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အနာဂတ်စီမံကိန်းများအပေါ် အဆိုပြုပေးနိုင်ခြင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် "မြန်မာလူငယ်ကြေညာစာတမ်း – ၂၀၄၀ (Youth Declaration for Myanmar 2040)" တစ်ခုကို ပူးတွဲထုတ်ပြန်နိုင်ခြင်း၊ ဖိုရမ်သို့ တက်ရောက်လာသည့် လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် လူငယ်ကွန်ရက်တစ်ခု ရရှိလာနိုင်ခြင်း၊ အဆင့်မြင့်ခေါင်းဆောင်မှုသင်တန်းများနှင့် အသိပညာပေးဝေမှုများကို ဆက်လက်ဆောင်ရွက်၍ လူငယ်များ၏လုပ်နိုင်စွမ်းကို မြှင့်တင်နိုင်ခြင်း၊ လာမည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် လူငယ်များ တက်ကြွစွာပါဝင်လာစေခြင်း အလားအလာများ ရရှိစေပါသည်။

သို့ဖြစ်ရာ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်ခေတ်တွင် နည်းပညာများ တစ်နေ့တခြား တိုးတက်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခင်းအကျင်းများလည်း အမြဲမပြတ် ရွေ့လျားပြောင်းလဲနေကြသည်ကို ကျင်းပခဲ့သော မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ မှတစ်ဆင့် လူငယ်မောင်မယ်များ သိရှိနားလည်ခဲ့ကြပြီး အဆိုပါလူငယ်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ထုဆစ်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောလမ်းရှိ အောင်မင်္ဂလာပါဠိ တက္ကသိုလ်ကျောင်းတိုက် သာသနာ့ဗိမာန်တော်ကြီး၌ ကျောင်းတိုက်သာသနဟိတကာရီစာအောင် သံဃာများနှင့် အစိုးရဓမ္မာစရိယအောင် သံဃာတော် ၃၄ ပါးတို့အား အောင်လက်မှတ်၊ ဆုတံဆိပ်၊ ဆွမ်းဆန်တော်နှင့် အလှူတော်ငွေများဆက်ကပ်လှူဒါန်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးမျိုးသန့်က အောင်လက်မှတ်နှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆-၇ ၃၄၀၄၀၄၉၊ ၀၆-၇၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန**

## ၃ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၃၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၂၀၀ | ၆၂ | ၄၃၅,၈၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၈၉ | ၅၈၅,၉၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁ | ၇,၄၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၁,၅၂၄ | ၂,၉၄၀,၆၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၀၅ | ၁,၃၁၃,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၇၂၆ | ၁,၃၆၂,၁၀၀ |
| AMATA | ၃,၃၅၀ | ၃,၃၅၀ | ၃၅ | ၁၁၇,၂၅၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၅၂ | ၁၇၁,၆၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၂,၈၅၀ | ၁၆၈ | ၄၈၇,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



»»» ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများ တက်ရောက်ကြသည်။

**တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး သတ်မှတ်နေရာတွင် နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**စာမျက်နှာ ၄ သို့** »»»



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

»»» **စာမျက်နှာ ၃ မှ**

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် Tian’anmen Rostrum ရှုစင်သို့ တက်ရောက်နေရာယူကြသည်။

ဆက်လက်၍ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြ အစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် Tian’anmen Rostrum ရှုစင်သို့ တက်ရောက်နေရာယူကြစဉ်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေးပြအခမ်းအနား မစတင်မီအချိန်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့်အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တောင်းမြစ် မြစ်ကမ်းအနီးနေထိုင်သူများ သတိပြုနေထိုင်ပါရန် သတိပေးနိုးဆော်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus(TBEA)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါ၍ ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် ကုမ္ပဏီဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရုံးခန်း၌ ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာတစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု လေ့လာကြပြီး ရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ TBEA ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အခြေအနေများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်၍ ကုန်ချောများ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက TBEA ကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး TBEA ကုမ္ပဏီဥက္ကဋ္ဌနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ **မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်၍ ကုန်ချောများထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Tebian Electric Apparatus(TBEA) ကုမ္ပဏီဥက္ကဋ္ဌတို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

**ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်**

**နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး တွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှု များကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေ ခြင်းဖြစ်**

☆ ကျောဖုံးမှ

အကဲဖြတ်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယခင်နှစ်က ကျင်းပပြုလုပ်ခဲ့သည့် “(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး”တွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့အနုပညာ သမိုင်းမှတ်တမ်းတွင် အောင်မြင်စွာ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် “(၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ပြိုင်ပွဲကြီး၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအား တင့်တယ်စွာ စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး ရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကိုအလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပရာတွင် ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင်၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အနုသုခုမဆိုင်ရာ ကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေ့စပ်စွာ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာအတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ခြင်း သာမကယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ် ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်ကြသည့်အတွက် မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးနိုင်ကြရန် အလေးအနက်ထားပြောကြားလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လွှင့်ဆော်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် တည်းခိုမည့်နေရာအုပ်ချုပ်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူး စက်တင်ဘာ ၃

တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပညာရှင်နည်းပြများ၊ ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ်တို့က တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယဉ်ကျေးမှုဆိုသည်မှာ လူသားတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်မျိုးလုံးနှင့် သက်ဆိုင်လျက်ရှိပြီး ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၊ လူမှုဓလေ့ထုံးတမ်း၊ အတွေးအခေါ်၊ အယူအဆများ၊ ဝတ်စားဆင်ယင်မှု၊ ပွဲလမ်းသဘင်၊ ပန်းချီပန်းပု၊ အနုသုခုမ၊ ဘာသာစကား၊ စာပေ စသည်တို့နှင့်အကျုံးဝင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သောကြောင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ရိုးရာအစဉ်အလာမပျက် လက်ဆင့်ကမ်းထိန်းသိမ်းမှသာ ရေရှည်တည်တံ့နေမည်ဖြစ်ပြီး နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအမွေများကို ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲသို့ အောင်မြင်စွာ တက်လှမ်းနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်မည့် ပထမရွှေတံဆိပ်ဆုရှင်များဖြစ်အောင် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညောင်လေးပင်ခရိုင်မှ (၁၅-၂၀) အဆင့် ပြိုင်ပွဲဝင် မောင်ကောင်းပြည့်ဟိန်းက “မောင့်တိုင်းပြည်” သီချင်းဖြင့်လည်းကောင်း၊ တောင်ငူခရိုင်မှ ပြိုင်ပွဲဝင် မောင်ဟိန်းထက်ပိုင်က “ရွှေမင်းဂံ”သီချင်းတီးခတ်၍လည်းကောင်း၊ ပြည်ခရိုင်မှ (၁၅-၂၀) အဆင့် ပြိုင်ပွဲဝင် မရွှန်းလဲ့လဝန်းထွန်းက အကဖြင့်လည်းကောင်း၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်က ဆိုင်းဖြင့်လည်းကောင်း၊ ပဲခူးခရိုင်မှ မဟေမန်ကျော်က “သူဌေးဝါဒ”သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေ တင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ်အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်မည့် လုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံကြီးအဖြစ် အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် လုပ်ငန်းအလိုက် ဆပ်ကော်မတီများအနေဖြင့် အသေးစိတ်စစ်ဆေးတွက်ချက်ပြီး အမြန်ဆုံးတင်ပြပေးရန်လိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အဆောက်အအုံ ပြုပြင်ခြင်းအပိုင်း၊ မီး၊ အသံပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းအပိုင်းများနှင့်ပတ်သက်၍ အမှန်တကယ် အကျိုးရှိ ထိရောက်မည့်လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် လေလွင့်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ မြန်မာနိုင်ငံ ဗိသုကာ ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက် လာကြသူများက လုပ်ငန်းပိုင်း ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ အထက(၆)မှကျောင်းသား ကျောင်းသူများက “ဒို့ပြည်ထောင်စုအတွက်”သီချင်း၊ ရွှေထားဝယ် ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်” သီချင်းနှင့် ပန်းဖွားအဖွဲ့တို့၏ ကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကို ပတ္တမြားဆောင်ခန်းမ၌ကျင်းပရာ အထက(၆)မှ ကျောင်းသား ကျောင်းသူများက “ထိန်းသိမ်းစို့လေ စာပေအမွေ” သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲ (အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး(အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူငါးဦးကို လည်းကောင်း ဆုချီးမြှင့်သည်။

ထို့နောက် စာဖတ်စွမ်းရည် (အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ စာစီစာကုံး(အလယ်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူငါးဦး၊ ပုံပြောပြိုင်ပွဲ (မူလတန်း)အဆင့် တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူငါးဦးတို့အား တိုင်းဒေသကြီးဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ လူငယ်စာပေ ဆွေးနွေးပေးသော စာရေးဆရာမ နုနှင်းသစ်နှင့် ကျောင်းသား ကျောင်းသူ လေးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် အထက(၆)ကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းတို့က စာအုပ်စာစောင်များလှူဒါန်းပြီး ကျောင်းအကျိုးဆောင် ဦးဝင်းဇော်ထွန်း မိသားစုက စာအုပ်စာစောင်များ ဝယ်ယူရန်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ကျောင်းအကျိုးဆောင် များကိုယ်စား ဒေါ်သူဇာအောင်က အလှူငွေကျပ်ငါးသိန်းကို ပေးအပ် လှူဒါန်းကြရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲတွင် ပထမဆုရရှိ သောကျောင်းသူက ပြိုင်ပွဲဝင် ခေါင်းစဉ်ဖြင့် ပြန်လည်၍သရုပ်ပြပြီး အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက“အနာဂတ်လူရည်မွန်”သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့နယ်၌ အခြေခံစာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲ ကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅) ဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောက်က မိမိတို့စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဝါသနာရှင်များ အလွယ်တကူ စာပေဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းယဉ်က သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်၍ သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**





# ကျောက်တံခါးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**ကျောက်တံခါး စက်တင်ဘာ ၃**

ပဲခူးတိုင်း ဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ကျောက်တံခါး) ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသော်မွန်းကိုက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့်ပတ်သက်သော အကြောင်းအရာများကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေး ဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အထက (ကျောက်တံခါး)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

စက်တင်ဘာ ၄၊ ၂၀၂၅

# နိုင်ငံ့စီးပွားဟန်ချက်ညီစေရေး Primary Sector ကို လက်တွဲဖော်ဆောင်ပေး

သဉ္ဇာ

**တစ်ချိန်က ရွှေအိုရောင်လယ်ကွင်းများဖြင့်ဝေဆာခဲ့ပြီး မြေကြီးကို အားထားကာ အသက်မွေးဝမ်းကျောင်းပြုခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးသည် ယနေ့အခါတွင် ရိုးရာအမွေအနှစ်နှင့် ခေတ်မီတိုးတက်မှုတို့ကြား ဟန်ချက်ညီညီ ရပ်တည်လျက်ရှိပါသည်။**

**❋ ကျွန်ုပ်တို့နိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကို တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း စိန်ခေါ်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။ တစ်ချိန်က လယ်ယာမြေများပေါ်တွင် ဘိုးဘွားမိဘများ ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြသည့် လူငယ်များသည် မိရိုးဖလာ လယ်ယာလုပ်ငန်းထက် ပိုမိုကောင်းမွန်သည့် လုပ်ခလစာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေရင်း မြို့ပြများသို့ ခြေဦးလှည့်လာကြ**

**❋ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မြို့ပြလုပ်ငန်းခွင်များ၏ လုပ်ခလစာများသည် ကျေးလက်ဒေသမှ လယ်ယာလုပ်ငန်းခွင်များထက် ပိုမိုမြင့်မားခြင်း၊ ကျေးလက်ဒေသများတွင် အဆင့်မြင့်ပညာသင်ကြားရန် အခွင့်အလမ်းရှားပါးသောကြောင့် ပိုမိုကောင်းမွန်သည့် ပညာရေးကို ရရှိလိုခြင်း၊ မြို့ပြ၏ ခေတ်မီသည့် လူနေမှုဘဝ၊ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော လူမှုရေးဝန်ဆောင်မှုများကို ရရှိလိုခြင်းအစရှိသည့် အကြောင်းပြချက်များဖြင့် လူငယ်အများစုနှင့် မိသားစုအချို့သည် လယ်ယာလုပ်ငန်းကိုစွန့်ခွာကာ စက်ရုံ၊ အလုပ်ရုံများတည်ရှိရာ မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လာကြကြောင်းတွေ့ရှိရ**

နိုင်ငံ့စီးပွားရေး၏ အဓိကအုတ်မြစ်ဖြစ်သည့် Primary Sector ခေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့သည် နိုင်ငံ့လူဦးရေအများစု၏ စားဝတ်နေရေးကို တိုက်ရိုက်ပံ့ပိုးပေးနေဆဲဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ Primary sector ဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း (လယ်ယာ၊ ခြံ၊ မွေးမြူရေး)၊ သစ်တောလုပ်ငန်း (သစ်ထုတ်လုပ်ခြင်း)၊ ရေလုပ်ငန်း (ငါးဖမ်းခြင်း၊ ငါးမွေးမြူရေး)၊ သတ္တုတူးဖော်ရေးလုပ်ငန်း (ကျောက်မီးသွေး၊ ရွှေ၊ သံစသည်တို့ တူးဖော်ခြင်း) နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ Primary sector ခိုင်ခံ့မှသာ ထိုမှတစ်ဆင့် အသွင်ကူးပြောင်းဆောင်ရွက်ရမည့် စက်မှုလုပ်ငန်း (Secondary sector) နှင့် ဝန်ဆောင်မှုလုပ်ငန်း (Tertiary sector) တို့သည်လည်း ရှင်သန်ကြီးထွားလာနိုင်မည်ဖြစ်ပါသည်။

**နိုင်ငံတစ်နိုင်ငံ၏ Primary sector သည် နိုင်ငံ့စီးပွားရေးဆိုသည့် သစ်ပင်ကြီး၏ အမြစ်များနှင့်တူပြီး သစ်ပင်ကြီးအတွက် လိုအပ်သည့် အာဟာရများကို မြေကြီးထဲမှ စုပ်ယူပေးသကဲ့သို့ Primary sector ၏ စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး အစရှိသည့် လုပ်ငန်းများသည်လည်း နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေကြပါသည်။ The Global Economy.com နှင့် World Bank များ၏ အချက်အလက်များအရ မြန်မာနိုင်ငံ၌ အလုပ်လုပ်နိုင်သည့် လူဦးရေ၏ တစ်ဝက်ကျော် ၅၅ ဒသမ ၄၆ ရာခိုင်နှုန်းသည် လုပ်သားအင်အားစုတွင် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပြီး ၎င်းနှုန်းထား၏ ၃၀ ရာခိုင်နှုန်းကျော်သည် Primary sector တွင်လုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

## Primary Sector ၏ အခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍ အရေးပါမှု

မြန်မာနိုင်ငံတွင် လယ်သမားများသည် မြေကြီးကိုအားကိုးပြီး ဆန်စပါးကို စိုက်ပျိုးကြရပါသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု GDP (Gross Domestic Product) ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် စိုက်ပျိုးရေးကဏ္ဍမှ လာခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး နိုင်ငံ၏ GDP တွင် သိသိသာသာ အချိုးကျပါဝင်နေဆဲဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ စားရေရိက္ခာ ထုတ်လုပ်မှုမြှင့်တင်ရန် လိုအပ်ပြီး ဤလုပ်ငန်းစဉ်၏ အဓိကမောင်းနှင်အားမှာ စိုက်ပျိုးရေးအလုပ်သမားများပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်၏ စာရင်းများအရ အိန္ဒိယနိုင်ငံသည် နိုင်ငံ့စီးပွားရေး၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံ့စီးပွားရေး၏ ၃၄ ဒသမ ၉ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးကဏ္ဍမှ ရရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း စိန်ခေါ်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။ တစ်ချိန်က လယ်ယာမြေများပေါ်တွင် ဘိုးဘွားမိဘများ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြသည့် လူငယ်များသည် မိရိုးဖလာ လယ်ယာလုပ်ငန်းထက် ပိုမိုကောင်းမွန်သည့် လုပ်ခလစာနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရှာဖွေရင်း မြို့ပြများသို့ ခြေဦးလှည့်လာကြပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မြို့ပြလုပ်ငန်းခွင်များ၏ လုပ်ခလစာများသည် ကျေးလက်ဒေသမှ လယ်ယာလုပ်ငန်းခွင်များထက် ပိုမိုမြင့်မားခြင်း၊ ကျေးလက်ဒေသများတွင် အဆင့်မြင့်ပညာသင်ကြားရန် အခွင့်အလမ်းရှားပါးသောကြောင့် ပိုမိုကောင်းမွန်သည့် ပညာရေးကို ရရှိလိုခြင်း၊ မြို့ပြ၏ ခေတ်မီသည့်လူနေမှုဘဝ၊ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော လူမှုရေးဝန်ဆောင်မှုများကို ရရှိလိုခြင်း အစရှိသည့် အကြောင်းပြချက်များဖြင့် လူငယ်အများစုနှင့် မိသားစုအချို့သည် လယ်ယာလုပ်ငန်းကိုစွန့်ခွာကာ စက်ရုံ၊ အလုပ်ရုံများတည်ရှိရာ မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လာကြကြောင်း တွေ့ရှိရပါသည်။

**❝ မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး ပိုမိုတိုးတက်ရန်မှာ Primary sector ကို စွန့်ပစ်၍မရနိုင်သကဲ့သို့ ခေတ်မီနည်းပညာနှင့် ဝန်ဆောင်မှုကဏ္ဍကိုလည်း လက်တွဲခေါ်ဆောင်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တန်ဖိုးမြှင့်တင်ပြီး လုပ်သားအင်အားစုကို ကျွမ်းကျင်သူများအဖြစ် ပြောင်းလဲပေးနိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ရရှိမည် ❞**

တစ်ခေတ်တစ်ခါက မြေကြီးကိုအားထားပြီး ဆန်ရေစပါးစိုက်ပျိုးရာ လယ်ကွင်းများသည် ယခုအခါတွင် ကတ္တရာလမ်းမများနှင့် အထပ်မြင့် အဆောက်အအုံများ၏ နေရာယူခြင်းကိုခံလာရပါသည်။ ဤအချက်များသည်မှာ စိုက်ပျိုးရေးကဏ္ဍ၏ စိန်ခေါ်မှုများပင် ဖြစ်ပါသည်။

## မွေးမြူရေးကဏ္ဍ အရေးပါမှု

Primary sector ၏ စိုက်ပျိုးရေးကဏ္ဍကဲ့သို့ပင် မွေးမြူရေးကဏ္ဍသည်လည်း အရေးပါပြီး နိုင်ငံ GDP ၏ ၈ ဒသမ ၆ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးလျက်ရှိပါသည်။ သို့ရာတွင် မြန်မာ့မွေးမြူရေးကဏ္ဍသည် ရိုးရာနည်းလမ်းများပေါ်တွင် အဓိကမှီခိုနေရဆဲဖြစ်သောကြောင့် အခြားနိုင်ငံများနည်းတူ ခေတ်မီနည်းပညာများဖြစ်သည့် မျိုးကောင်းမျိုးသန့်မွေးမြူခြင်း၊ အစာအာဟာရ စနစ်တကျ ပြုပြင်ကျွေးမွေးခြင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာစနစ်များ အသုံးပြုခြင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ခေတ်မီမွေးမြူရေးနည်းစနစ်များဖြင့် ကြက်မွေးမြူရေးကို တိုးချဲ့ခဲ့ရာ ကမ္ဘာ့အကြီးဆုံးကြက်သားတင်ပို့သည့် နိုင်ငံများထဲတွင် ပါဝင်လာကြောင်း တွေ့ရှိရပါသည်။ ထိုနည်းတူ ဗီယက်နမ်နိုင်ငံသည်လည်း ဝက်နှင့် ကြက်မွေးမြူရေးတွင် တိရစ္ဆာန်ရောဂါများ ကာကွယ်ရန်အတွက် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်စွာချမှတ်ပြီး ကြီးကြပ်ကွပ်ကဲခဲ့ရာ တရုတ်နိုင်ငံကဲ့သို့ ကြီးမားသည့်ဈေးကွက်ကြီးကို ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ၏ Wagyu (ဝါဂယု) နွားမျိုးစိတ်များသည် မျိုးကောင်းမျိုးသန့် ရွေးချယ်မွေးမြူခြင်းကြောင့် အဆင့်မြင့်အမဲသားထွက်ရှိပြီး ဈေးကွက်တွင် အလွန်ဈေးကောင်းရကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသော်လည်း စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရပါသည်။ တောင်သူအများစုသည် ရိုးရာနည်းလမ်းများဖြင့်သာ မွေးမြူကြသဖြင့် ထုတ်လုပ်မှုစွမ်းအားနည်းပါးပြီး အရည်အသွေးပိုင်းတွင် အားနည်းချက်များရှိခြင်း၊ တိရစ္ဆာန်ရောဂါများ ဖြစ်ပွားရာတွင် ရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတနည်းပါးခြင်း၊ တိရစ္ဆာန်ဆေးကုသရေးဝန်ဆောင်မှုများ လုံလောက်စွာမရရှိခြင်း၊ သိုလှောင်ရုံ၊ သယ်ယူပို့ဆောင်ရေးစနစ်ကဲ့သို့သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှု အားနည်းခြင်းတို့သည် မွေးမြူရေးကဏ္ဍ၏ စိန်ခေါ်မှုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သင့်သည့်နည်းလမ်းများ

နိုင်ငံတစ်နိုင်ငံ၏ Primary sector ကို အားကောင်းစေရန် ရိုးရာနည်းလမ်းများမှတစ်ဆင့် ခေတ်မီသည့်ချဉ်းကပ်မှုများဆီကို ပြောင်းလဲရန် လိုအပ်ပါသည်။ လက်ရှိမြန်မာ့စိုက်ပျိုးရေးသည် ရိုးရာနည်းလမ်းများနှင့် လုပ်ကိုင်နေရသောကြောင့် အထွက်နှုန်းနှင့် ထုတ်လုပ်မှုစရိတ်ပိုင်းတွင် အားနည်းချက်များရှိနေသဖြင့် ရေသွင်းစနစ်သစ်များ၊ မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးသုံး ဒရုန်းအသုံးပြုသည့် နည်းပညာများကို တောင်သူများအသုံးပြုတတ်စေရန် ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များအား ကုန်ကြမ်းအဖြစ်သာ တင်ပို့ခြင်းထက် အသင့်စား အစားအစာများ (Ready-to-Eat Foods) နှင့် စည်သွတ်အစားအစာများကဲ့သို့ တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ထုတ်လုပ်စေခြင်း၊ စပါးကို ဆန်အိတ်အဖြစ်ရောင်းချခြင်းအပြင် ဆန်နှင့် ဆန်ကွဲဖြင့်ပြုလုပ်သည့် အစားအစာများ၊ ပဲကို ပဲပြုတ်အဖြစ် ရောင်းချခြင်းအပြင် ပဲနှင့်ဆက်စပ်သည့် အစားအစာများ၊ ပဲမှုန့်နှင့် ပြုလုပ်သည့်ထုတ်ကုန်များကိုပါ ထုတ်လုပ်ပြီး ဈေးကွက်ချဲ့ထွင်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အလားတူ Primary sector ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်း၊ ပြည်ပမှ ဆွဲဆောင်ရန် လိုအပ်သည့်အပြင် ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စာမျက်နှာ ၉ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃**




စစ်ကိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင် အထွက်နှုန်းပြည့်မီရေးဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ပေးအပ်ရာတွင် ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းမှာ ယူရီးယားတစ်အိတ်လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၈၉၅၀၀ နှင့် ကွန်ပေါင်းတစ်အိတ်လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၁၂၀၀၀၀ ဖြစ်ပါကြောင်း၊ ရန်ကုန်မှ သယ်ယူစရိတ်နှင့် သတ်မှတ်ကုန်ကျစရိတ်များအပါအဝင် ယူရီးယားနှင့်ကွန်ပေါင်းတစ်အိတ်လျှင် တောင်သူများ လက်ဝယ်အရောက် ပြင်ပဈေးထက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာနိုင်မည်ဖြစ်ကြောင်း၊ ပြင်ပဆိုင်များတွင် သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူပါက ပိုမိုကျသင့်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေပြန်ဆပ်ရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယား၊ ကွန်ပေါင်းသွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) နောက်ဆုံးနှစ်တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုး ငွေချည်ထိုးသင်တန်း လက်တွေ့သင်ကြားနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းကျောင်းအတွင်း သံကူကွန်ကရစ်သုံးထပ် သင်တန်းသားအိပ်ဆောင်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် နဝဒေး၌ယျာဉ် အိမ်ရာရှေ့တွင် စက်ယန္တရားများဖြင့် အမှိုက်များနှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်း တစ်လျှောက် လမ်းဘေး ဝဲ/ယာ လူသွားပလက်ဖောင်း ဆောင်ရွက်နေမှုနှင့် အုတ်စီရေမြောင်း ဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်း သောင်းကြားချောင်းတံတား တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တွံတေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာများ၊ ဇုန်ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန် ကန်ကြီးကုန်း ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ ရေပိုလွှဲမြောင်းကူးတံတားများ ကြံ့ခိုင်မှုနှင့် ဆိုလာစနစ်ဖြင့် ရေစုပ်ပန့်များအသုံးပြု၍ မွေးမြူရေးဇုန်အတွင်းရှိ ဂါလန် ၁၀၀၀၀ ဆံ့ Overhead Tank နှင့် ဂါလန် ၁၀၀၀၀ ဆံ့ မြေအောက်ရေကန်သို့ ရေစုပ်တင်မှုနှင့် ယင်းရေကန်မှ တွံတေးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ ရေဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်ကော်မတီစီမံခန့်ခွဲရေးရုံး တည်ဆောက်နေမှုနှင့် အစာစက်ရုံတည်ဆောက်နေမှု၊ မွေးမြူရေးခြံတွင် ဒေသနွားအကောင်ရေ ၅၅ ကောင် မွေးမြူထားရှိမှု၊ တွံတေးတူးမြောင်းမှ တွံတေးမွေးမြူရေးဇုန်သို့ ဆိုလာစနစ်ဖြင့်ရေတင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မွေးမြူရေးခြံတွင် ဝက်အကောင်ရေ ၁၆၃ ကောင်၊ ဥစားကြက်အကောင်ရေ ၁၅၀၀၀ နှင့် အသားတိုးကြက်အကောင်ရေ ၃၅၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းတစ်လျှောက် တညင်းကုန်း လမ်းဆုံနှင့် လှော်ကား လမ်းဆုံအကြားရှိ ကန်သာယာ မှတ်တိုင်အနီးတွင် လမ်းပခုံး မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကွန်ပျူတာတက္ကသိုလ်ရှေ့၌ လမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မလွတ်ကင်းသည့် ဓာတ်အားလိုင်းများကို ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် အုတ်စီရေမြောင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# မြန်အောင်မြို့နယ်ရှိ မြေပဲစိုက် သမဝါယမအသင်းသား တောင်သူများ၏ စိုက်ပျိုးအောင်မြင်နေမှုကြည့်ရှုစစ်ဆေး

**မြန်အောင် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့နယ်အတွင်းရှိ မြေပဲစိုက်သမဝါယမအသင်းသား တောင်သူများ မြေပဲစိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများသည် "ထူးမေတ္တာ" စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် ကညင်ငူကျေးရွာအုပ်စု ကာစီကွင်းကျေးရွာ တောင်သူဦးအောင်စိုး၏ မြေပဲ(ပင်ပြား) ငါးကေစိုက်ခင်းတွင် မြေပဲစိုက်ပျိုးအောင်မြင်မှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးသည် ကျေးရွာဓမ္မာရုံ၌ မြေပဲစိုက်တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၈ မှ

## ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာနိုင်မှု

Primary sector ကို မြှင့်တင်လာသည်နှင့် အမျှ ရိုးရာလုပ်သားများအပြင် စိုက်ပျိုးရေးနည်းပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ရန်အတွက် ထွက်ရှိလာသည့် ကုန်ပစ္စည်းများသည် သတ်မှတ်ထားသော အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိစစ်ဆေးပေးမည့်အရည်အသွေး ထိန်းချုပ်ရေးကျွမ်းကျင်သူများ၊ ပြည်တွင်းမှာသာမကဘဲ ပြည်ပကိုပါ ထိုးဖောက်နိုင်ရန်အတွက် ဈေးကွက်ကို လေ့လာသုံးသပ်မည့် ဈေးကွက်ရှာဖွေရေးနှင့် ရောင်းချရေး ကျွမ်းကျင်လုပ်သားများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလာမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး ပိုမိုတိုးတက်ရန်မှာ Primary sector ကို စွန့်ပစ်၍မရနိုင်သကဲ့သို့ ခေတ်မီနည်းပညာနှင့် ဝန်ဆောင်မှုကဏ္ဍကိုလည်း လက်တွဲခေါ်ဆောင်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တန်ဖိုးမြှင့်တင်ပြီး လုပ်သားအင်အားစုကို ကျွမ်းကျင်သူများအဖြစ် ပြောင်းလဲပေးနိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ရရှိမည်ဖြစ်ပါသည်။**

Primary sector, Secondary sector နှင့် Tertiary sector များကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်စီးပွားရေးစနစ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပြီး နည်းပညာကျွမ်းကျင်မှုရှိသည့် လုပ်သားကောင်းများ ပေါ်ထွက်လာမည်မှာ မလွဲကေန်ဖြစ်ပါတော့သည်။ ။

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၉ ဦးတို့ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကမ္ဘာတစ်ဝန်းလုံး၌ ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် သက်ဆိုင်ရာ ဌာနအသီးသီး၏ လုပ်ငန်း ဆောင်ရွက်မှုများတွင် ကျား၊ မ ရေးရာကို ထည့်သွင်း စဉ်းစား ဆောင်ရွက်လာစေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှု အားကောင်းစွာဖြင့် ပိုမိုမြှင့်တင် ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့် မဟာ ဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရာတွင် ပြည်ထဲရေးဝန်ကြီး ဌာနအောက်ရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ပါဝင် ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျား၊ မ ရေးရာဆိုင်ရာ အချက် အလက်များ ကောက်ယူရန် ကျား၊ မ ရေးရာ တာဝန်ခံ Gender Focal Point များအဖြစ်လည်း ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍအလိုက် သက်ဆိုင်သည့် အခွင့်အလမ်းများကို လက်လှမ်းမီ ရရှိစေရန်နှင့် ရပ်ရွာအဆင့်မှ နိုင်ငံအဆင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပိုမိုပါဝင် ဆောင်ရွက်နိုင်စေရန် အတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက် ပေးသွားရမည် ဖြစ်ပါကြောင်း၊ သင်တန်းသားများ အနေဖြင့် လည်း လေ့လာရသမျှဗဟုသုတ များကို ထပ်ဆင့်မျှဝေပေးခြင်း၊ မိမိတို့၏ လုပ်ငန်းများတွင် ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသမီး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေး ကြရန်နှင့် သင်တန်းမှရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချ သွားကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

(၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများ (18th AMME and Related Meetings) နှင့် အကြိမ်(၂၀)မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (COP-20 AATHP)များကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ Hybrid စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတည်ပြုတင်ပြဆွေးနွေး**

ယနေ့ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးပထမပိုင်းတွင် ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Datuk Seri Johari Abdul Ghani နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမင်းသူတို့က ဆောင်ရွက်ပြီး အမှာစကားပြောကြားကြကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က နိုင်ငံအလိုက် Statement များ ဖတ်ကြားခြင်း၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံမှကိုယ်စားလှယ်က အာဆီယံဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာပညာပေးရေး၊ ရေရှည်တည်တံ့သောထုတ်လုပ်မှုနှင့် စားသုံးမှုကိစ္စရပ်များဆိုင်ရာ အစီရင်ခံစာများနှင့် ရလဒ်များကို အတည်ပြုတင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အကြိမ်(၂၀)မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး သဘောတူညီချက်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး ဆက်လက်ကျင်းပပြီး အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး သဘောတူညီချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံ (၂၀၂၃-၂၀၃၀)နှင့် အာဆီယံဒေသ သစ်ဆွေးမြေစီမံခန့်ခွဲမှုမဟာဗျူဟာ (၂၀၂၃-၂၀၃၀)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး သဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း၊ အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဌာန၏ အကဲဖြတ်ဆန်းစစ်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် မေလအတွင်း ခြောက်သွေ့ရာသီ၌ မဲခေါင်ဒေသတွင် Fire hotspot နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေ၊ မဲခေါင်ဒေသခွဲတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း Fire hotspot အရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့မှုနှင့် ၂၀၂၆ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ (၂၁)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး သဘောတူညီချက်ဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးကျင်းပမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၃)သင်တန်းဆင်း





**ရန်ကုန် စက်တင်ဘာ ၃**

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၂၃)၏ သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

**ကြိုးစားဆောင်ရွက်ကြရန်လို**

ယင်းနောက် သင်တန်းဆင်း မိန့်ခွန်း ပြောကြားရာတွင် သင်တန်းသား သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများကို သိရှိနားလည်ကြပြီး နိုင်ငံတော်က ပေးအပ်လာသည့် တာဝန်များကို တက်တက်ကြွကြွ ညီညီညာညာနှင့် အခက်အခဲမှန်သမျှကျော်ဖြတ်ပြီး ရည်မှန်းချက်ရောက်အောင် စည်းစည်းလုံးလုံးဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၉၀၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၈၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများ ရေစီးဆင်းမှုအခြေအနေများကိုလည်းကောင်း၊ ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ ကျောက်ချက်လမ်းဆုံ လမ်းဘေး/ဝဲယာ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ စနစ်တကျတူးဖော်ရှင်းလင်းထားရှိရေး၊ Box Culvert များတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး၊ ရေဝပ်သည့်နေရာများတွင် သဲမြေများဖို့ထားရေးနှင့် လမ်းပခုံးသားပေါ်တွင် မြေသားများ



တင်ကျန်မှုမရှိစေရေး၊ အမှိုက်များစနစ်တကျ စွန့်ပစ်စေရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိရေးတို့ကို မှာကြားသည်။

ယမန်နေ့ညပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်သို့ သွားရောက်ပြီး ဆည်ပတ်ဝန်းကျင် မြေယာရှုခင်းများ၊ ပန်းအလှပင်များ ဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတမံနှင့် ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုကောင်းမွန်ချိန်တွင် လူအင်အား၊ စက်ယန္တရား အင်အားတိုးမြှင့်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## ဂျာမနီနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့အကြီးဆုံးကုန်စည်ပြပွဲတွင် မြန်မာ့ထုတ်ကုန်ပစ္စည်းများ ဝင်ရောက်ပြသမည်

ရန်ကုန် စက်တင်ဘာ ၃

ဂျာမနီနိုင်ငံ Frankfurt မြို့ Frankfurt Fair and Exhibition ခန်းမ၌ ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့အကြီးဆုံး လူသုံးကုန်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းပြပွဲတွင် မြန်မာ့ထုတ်ကုန်များ ဝင်ရောက်ပြသနိုင်ရန် စီစဉ်နေကြောင်း ဂျာမနီအခြေစိုက် Messe Frankfurt GmbH မှ သိရသည်။



ဂျာမနီအခြေစိုက် Messe Frankfurt မှ Senior Vice President Mr. STEPHAN KURZAWSKI က “မြန်မာနိုင်ငံအနေနဲ့ ဒီလိုကမ္ဘာနဲ့ချီတဲ့ ကုန်စည်ပြပွဲတွေမှာ ပြသနိုင်မယ်ဆိုရင် နိုင်ငံတကာက စိတ်ဝင်စားမယ်၊ ဒီအတွက် အကုန်လုံးကို ဖိတ်ခေါ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ ထွက်ကုန်တွေဟာ ကမ္ဘာကိုချပြဖို့ အခွင့်အလမ်းကောင်းတွေ အခြေအနေကောင်းတွေရှိပါတယ်၊ လာကြည့်မယ့် ပရိသတ်က နိုင်ငံပေါင်း ၁၇၀ လောက်ရှိမယ်၊ အဲဒီ ၁၇၀ ကို ကိုယ့်ရဲ့ထုတ်ကုန်ကို ပြမယ်ဆိုရင် ကိုယ့်ရဲ့ထုတ်ကုန်ကို လူပိုသိလာမှာဖြစ်ပါတယ်” ဟုပြောသည်။

အဆိုပါ ပြပွဲကို ဂျာမနီနိုင်ငံအခြေစိုက် Messe Frankfurt GmbH က ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံမှ Su Shwe Nadi ကုမ္ပဏီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များ အသင်းမှ အသင်းဝင်များနှင့် ပြည်တွင်းရှိ အခြားသော လုပ်ငန်းရှင်များက သွားရောက်ပြသနိုင်ရန် စီစဉ်ခြင်းဖြစ်သည်။

လာမည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည့် အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ ဝင်ရောက်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကြိမ်နှင့် ရက်လုပ်ထားသော ပစ္စည်းများ၊ သစ်အခြေခံလက်မှုပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ ချည်ထည်မျိုးစုံတို့ကို ပါဝင်ပြသသွားမည်ဖြစ်သည့်အပြင် ပြပွဲကာလအတွင်း လာရောက်ပြသသူနိုင်ငံအချင်းချင်း ချိတ်ဆက်ကာ နည်းပညာများ၊ အတွေ့အကြုံများ ဖလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိမ်းခက်**



## ရန်ကင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

ရန်ကင်း စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို မီးသတ်ဦးစီးမှူးရုံးသင်တန်းခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်ခဲ့ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်

ပြင်ဦးလွင် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ဒေသခံမိုးစပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က တောင်သူများအား ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး နှင့် တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူများ လက်ဝယ်သို့ ဓာတ်မြေဩဇာအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေး

မုံရွာ စက်တင်ဘာ ၃

မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် သဲဖြူဆရာတော်ကြီးအား အမှူးထား၍ အလှူရှင်များ၏လှူဒါန်းမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဦးဆောင်ပါဝင်ပံ့ပိုးမှုတို့ဖြင့် မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မုံရွာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်ပြသကြသည့် ဒေသခံပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသပေးနေမှုကို လိုက်လံကြည့်ရှုပြီး မျက်စိခွဲစိတ်လူနာများကို နေကာမျက်မှန်များနှင့် သောက်ဆေးများ ပေးအပ်သည်။ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ စမ်းသပ်ပြင်ပလူနာပေါင်း ၄၁၆၇ ဦး၊ အကြီးစား ခွဲစိတ်လူနာပေါင်း ၂၈၂ ဦး၊ အသေးစား ခွဲစိတ်လူနာပေါင်း ၇၃ ဦးတို့ကို စမ်းသပ် ခွဲစိတ်ကုသပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အနော်ရထာလမ်း ကျောက္ကာလမ်းမှ အောင်မဟာလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်) နှင့် စက်မှုလယ်ယာ ဦးစီးဌာနရုံးများသို့ရောက်ရှိ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဆောင်ရွက်ပေးကာ အဆိုပါရုံးဝင်းများအတွင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ရွှေဝါငါးကြင်း/ငါးမြစ်ချင်း/ငါးခုံးမကောင်ရေ ၅၀၀ မွေးမြူထားရှိမှုနှင့် ဒေသကြက် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးနှင့် ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများနှင့် တပ်ရင်းမှူးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ အဖွဲ့ခေါင်းဆောင် ဆရာဝန်များ၊ EPI Focal များ၊ WHO၊ UNICEF၊ CHAI အဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်း ကိုလည်း အခြေစိုက် ကာကွယ်ဆေးထိုးစုရပ် (Fixed post) အနေဖြင့် ၂၀၁၆ ခုနှစ် မေလမှစတင်၍ ဆေးရုံ ၈၅ ရုံတွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ဆေးရုံ ၄၉ ရုံ၌ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တပ်မတော်ဆေးရုံ လေးရုံအပါအဝင် ဆေးရုံ ၈၂ ရုံတွင် ထိုးနှံနိုင်မည်ဟု သိရှိရကြောင်း၊ အဆိုပါဆေးရုံများတွင် ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလမ်းညွှန် သင်တန်းများ ဆောင်ရွက်ရန်အတွက် ဆေးရုံအုပ်ကြီးများနှင့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်အဆင့် သင်တန်းပေးခြင်းများကိုလည်း စနစ်တကျဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်၌ အသက် (၁၅) နှစ်အောက်ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်နှင့် အမီလိုက်နည်းလမ်းများဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိ

နောင်ချို စက်တင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခု



ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် အသက် ၅ နှစ်အောက် ကလေးများကို ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့်နေထိုင်သော နေရာများမှ ကာကွယ်ဆေးများ မရရှိခဲ့သည့် အသက် ၁၅ နှစ် အောက် ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) နှင့် အမီလိုက် (Big Catchup) နည်းလမ်းတို့ဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၀၇၈ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၂၀၅၄ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသက် ၅ နှစ်အောက်နှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေး ၉၀၂၂ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။

နောင်ချိုမြို့နယ်တွင် ဇူလိုင် ၂၀ ရက်မှစ၍ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ကာ လူနာများကို လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၃၇၀ နှင့် အတွင်းလူနာ ၃၆၂ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် သက်ကြီး ဘိုးဘွားများအား ကျန်းမာရေး အသိပညာပေးခြင်းနှင့် သွေးတိုးနှင့် ဆီးချိုရောဂါရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုများပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ မျိုးမင်းထွန်းက ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ရောက်ရှိလာကြသော အသက် ၇၀ အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးဗဟုသုတများ အသိပညာပေး ဟောပြောပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါစစ်ဆေးခြင်း၊ သွားဆရာဝန်က သွားနှင့်ခံတွင်း စစ်ဆေးခြင်း၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက် ရွှေလျားဓာတ်မှန်ရိုက်ကူးရေးအဖွဲ့များနှင့် ချိတ်ဆက်၍ ရင်ဘတ်ဓါတ်မှန်ရိုက်ကူးနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ဆယ်မိနစ်စာ ခုံထိုင်လေ့ကျင့်ခန်း ပြုလုပ်ပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအတွက် NCD Clinic အား အပတ်စဉ် အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ဖွင့်လှစ်ဆေးကုသမှုပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



**သက်လွင်စိုး (ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဩဂုတ်လ ၂၈ ရက်နေ့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင် ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၃၀ ရက်နှင့် အသင့်အတင့်အဆင့်၌ တစ်ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေးပြင်းထန်စွာထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့်အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ် မြောက်ပိုင်းကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မိတ္ထီလာမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါဦးစီးမှူးရုံး ခန်းမတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ကော်မတီဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ




စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိဖြစ်ကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

## ရန်ကင်းမြို့နယ် အခြေခံပညာကျောင်းများ၌ သွားနှင့်ခံတွင်းရောဂါများကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ နည်းစနစ်မှန်သွားတိုက်ခြင်းအမူအကျင့် စွဲမြဲပြီး သွားနှင့်ခံတွင်းရောဂါများမှ ကာကွယ်နိုင်စေရန် ရည်ရွယ်၍ After Lunch tooth Brushing Activity ကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက စတင်၍ အမက(၅)နှင့် လေ့ကျင့်ရေး အလယ်တန်းကျောင်းတို့



တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (သွားကျန်းမာ) ဒေါက်တာကွန်စတန် ဦးဆောင်၍ အနောက်ပိုင်းဆေးရုံကြီးမှ သွားနှင့်ခံတွင်းဆရာဝန်သုံးဦး၊ သာကေတ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ သွားနှင့်ခံတွင်းဆရာဝန်သုံးဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာမင်းသန့် (သွားကျန်းမာ) တို့ပူးပေါင်း၍ သွားနှင့်ခံတွင်းရောဂါများအကြောင်း၊ နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်းစနစ်များနှင့် လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

■

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃ ဒသမ ၈၉၁၄ တန်၊ သစ်မာ ၂ ဒသမ ၃၅၀၆ တန်၊ အခြား ၁၅ ဒသမ ၉၀၆၀ တန် စုစုပေါင်း ၂၂ ဒသမ ၁၄၈၀ တန်၊ ယာဉ်/ယန္တရားလေးစီး၊ တရားခံ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဥတုရာသီ တောကိုမှီ၏

# KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ကျိုက်မရောမြို့နယ်ကော့ပနောကျေးရွာလမ်းဆုံတွင် ရောက်ရှိနေသော ခရီးသည်တင်ယာဉ်တစ်စီးအား စက်တင်ဘာ ၂ ရက်တွင် Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန်အတွက် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအား စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဗုံးသီးသည် ကျိုက်မရောမြို့မှ ကြာအင်းဆိပ်ကြီးသွားကားလမ်းပေါ်ရှိ ကော်ပနောလမ်းဆုံသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးလှရွှေ (၅၂) နှစ် (ဘ) ကော်စမတ်မောင်းနှင်သည့် Super Custom အမျိုးအစား ယာဉ်အမှတ်၊ 9H /...... အဖြူရောင်ခရီးသည်တင်ယာဉ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်အမျိုးသားကိုးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သောဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ပနောကျေးရွာလမ်းဆုံ၌ ရောက်ရှိနေသည့် ခရီးသည်တင်ယာဉ်တစ်စီးအား Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တွေ့ရစဉ်။

# ကျောက်ဆည်ခရိုင်၌ ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၌ ဉာဏ်လင်း မောင်းနှင်ပြီး လှခိုင်လိုက်ပါလာသော Toyota Liteace ယာဉ်၊ စံဝင်းလင်း မောင်းနှင်သည့် Izone ယာဉ်နှင့် ထက်အောင်ဇော် မောင်းနှင်သည့်ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံ)ကို သိမ်းဆည်းရမိခဲ့ကြောင်း။



(ဝဲမှယာ) ဉာဏ်လင်း၊ လှခိုင်၊ ထက်အောင်ဇော်နှင့် ဘုန်းမြင့်မြတ်တို့အား သိမ်းဆည်းရမိ ဘိန်းဖြူ ၈၃ ဒသမ ၁၆ ကီလိုနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် ဘိန်းဖြူများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ဘုန်းမြင့်မြတ်ကို ပြင်ဦးလွင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဘိန်းဖြူများကို တာဝန်ခံသယ်ဆောင်ခဲ့သူ စိုးဝေလွင် (ဖမ်းဆီးရန်ကျန်)နှင့် တင်မျိုးအောင် (ဖမ်းဆီးရန်ကျန်)တို့ ရှေ့ပြေးအဖြစ် ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် NISSAN AD VAN ယာဉ်အား မြစ်သားမြို့နယ် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းတွင် လည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဘိန်းဖြူများအား မူဆယ်မှရွာငံမြို့နယ်သို့ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် စိုးဝေလွင် ပိုင်ဆိုင်သော Hino Profia ၁၂ ဘီးယာဉ်ကို ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်တွင် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ရွာငံမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သို့ ယာဉ်များပြောင်းလဲ၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ



ပေါင်းတည် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့၌ အမှတ်စဉ်(၁/၂၀၂၅) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ပေါင်းတည်မြို့နယ် စက်မှုလယ်ယာစခန်း(ဆွယ်) သင်တန်းခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တောင်ပေါ်သားရီရှင်း စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ ဦးဝင်းသန်း၊ ဖန်တီးရှင် ကူဘိုတာ လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်မှ ဦးအောင်မျိုးခန့်နှင့် ဦးထင်စိုင်းတို့က စက်နှင့်စက်ကိရိယာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တောင်သူ ၁၅ဝခန့်နှင့် သင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ မိုးစပါးရာသီ ရွှေခရုကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ တောင်သူနည်းပညာပေးဆွေးနွေး

ပေါင် စက်တင်ဘာ ၃

မွန်ပြည်နယ် ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်ပိုးမွှားရောဂါတာဝန်ခံများသည် ပန်းကုန်းကျေးရွာတွင် ရွှေခရုကျရောက်မှုနှင့်ပတ်သက်၍ ခရုနှင့်ဥမြို့ ကောက်ယူဖျက်ဆီးပွဲနှင့် တောင်သူနည်းပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သဲကုန်းကျေးရွာ၌ ပြုလုပ်သည်။

**သရုပ်ပြခြင်းများပြုလုပ်**

ထိုသို့ အသိပညာပေးခြင်းပြုလုပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်ပိုးမွှားရောဂါတာဝန်ခံများနှင့် ဝန်ထမ်းများက သဲကုန်းကျေးရွာရှိ တောင်သူ ၃၆ ဦး၊ ပန်းကုန်းကျေးရွာမှ တောင်သူ ၂၂ ဦးတို့နှင့်တွေ့ဆုံ၍ မိုးစပါးရာသီ ရွှေခရုကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အသိပညာပေး၍ ရွှေခရုကောက်ယူခြင်းနှင့် ဥမြို့ဖျက်ဆီးခြင်းသရုပ်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ဟသ္သာတမြို့နယ်၌ သွင်းအားစုဓာတ်မြေဩဇာများ တိုက်ရိုက်သက်သာစွာ ဖြန့်ဖြူးပေးအပ်

ဟသ္သာတ စက်တင်ဘာ ၃

ဧရာဝတီတိုင်း ဒေသကြီး ဟသ္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅-၂၀၂၆ မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်တွင် အကျုံးမဝင်သည့် တောင်သူများအား ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုဓာတ်မြေဩဇာများ တိုက်ရိုက်သက်သာစွာ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ဟသ္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက တောင်သူများ အနေဖြင့် ပြင်ပပေါက်ဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများ အဆင်ပြေစေရန်နှင့် ဓာတ်မြေဩဇာများ အသုံးပြုပြီး မိုးစပါးပန်းတိုင် အထွက်နှုန်းတိုးစေရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဟသ္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက ဟသ္သာတမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၄ အုပ်စုတို့မှ တောင်သူများအတွက် ဖြိုးမောက်ယူရီးယား ဓာတ်မြေဩဇာ ၁၅၁၈ အိတ်နှင့် ဩဘာယူရီးယား ဓာတ်မြေဩဇာ ၂၁၅၅ အိတ်၊ ဩဘာကွန်ပေါင်း ဓာတ်မြေဩဇာ ၁၄၂၂ အိတ် စုစုပေါင်း သွင်းအားစု ဓာတ်မြေဩဇာ ၅၀၉၅ အိတ်တို့ကို ဒေသခံတောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေး

မှော်ဘီ စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မျိုးစေ့တာဝန်ခံဒေါ်လှလှမြတ်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ယဉ်ယဉ်အောင်နှင့် မှော်ဘီမြို့နယ် ဦးစီးမှူး ဦးမြတ်ကျော်တို့က ပန်းတိုင်အထွက်နှုန်းရရှိရေး စပါးပင်သက်တမ်းအလိုက် ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်အချိုးညီသုံးစွဲရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် ပိုးမွှားကျရောက်မှုကာကွယ်ရေးများကို တောင်သူများထံ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)





# လှည်းကူးမြို့နယ်၌ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေး

လှည်းကူး စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်မြေအသုံးချဌာန၊ သီးနှံကာကွယ်ရေးဌာနနှင့် မျိုးစေ့ဌာနတို့မှ ပညာရှင်များက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အသုံးချရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများအကြောင်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူပညာပေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်တန်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်



ကျောက်တန်း စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကျောက်တန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မှော်ဝန်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးသန့်ဇင်ထွန်း၊ ခရိုင်ကြက်ခြေနီတာဝန်ခံ ဦးအောင်ကျော်ဦးနှင့်တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

နိုးတူး(ကျောက်တန်း)

**❂ အာရှဖလား ယူ-၂၃ မှ**

မြန်မာ ယူ-၂၃ အသင်း ပွဲထွက်လူစာရင်းတွင် အာကာကျော်၊ စွမ်းထက်၊ သန်းတိုးအောင်၊ ဖွဲ့မာန်သာ၊ မင်းမော်ဦးတို့ဖြင့် ပွဲထွက်လာသည်။ ကူဝိတ်အသင်း ကစားကွက်တည်မရအောင် မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်လာသည်။ မြန်မာအသင်းသည် ကူဝိတ်ခံစစ်ကို ဖိအားပေးနိုင်သော်လည်း ဂိုးရရှိရန် ဖန်တီးမှုအပိုင်းနှင့် ဂိုးရရှိရန် စွမ်းဆောင်မှုအပိုင်းတွင် အားနည်းချက်များရှိခဲ့သဖြင့် ဂိုးရရန် ရှုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ကူဝိတ်အသင်းသည် မိနစ် ၂၀ နောက်ပိုင်းတွင် အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်သော်လည်း မြန်မာအသင်းခံစစ်နှင့် ဂိုးသမားတို့ အမှားမရှိသဖြင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် ဂျပန်၊ ကူဝိတ်၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၆ ရက်တွင် အာရှထိပ်သီး ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - စိုးညွန့်သော်

# နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၃

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် မဲဆန္ဒရှင် အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမြင့်ဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP)ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine–MEVM)များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများ အနေဖြင့် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို အပြည့်အဝ ယုံကြည်ကြောင်းနှင့် မိမိတို့အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်းနှင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ဖြူမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ခြင်းအခမ်းအနားပြုလုပ်



ကျောက်ဖြူ စက်တင်ဘာ ၃

ကိုယ်ဝန်ဆောင် မိခင်များ အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်းသော သားသမီးရတနာများ မွေးဖွားနိုင်စေရန် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ကူညီခြင်း အခမ်းအနားကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရာမင်းခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကား ပြောကြားပြီး မြို့မိမြို့ဖ ဦးသိန်းမြင့်ဆောင်းက လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်မိုးက ကိုယ်ဝန်ဆောင်မိခင်များ အာဟာရဖွံ့ဖြိုးရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မတည်အလှူရှင် ဦးနေလင်းနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များမှ လှူဒါန်းသည့် အလှူငွေ ကိုယ်ဝန်ဆောင်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် ဆေးဝါးအာဟာရစသည့် ပံ့ပိုးပစ္စည်း ၁၅ မျိုးတို့ကို မြို့ပေါ်လေးရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင် ၅၂ ဦးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

ရန်ကုန် စက်တင်ဘာ ၃

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကျိုက်ကလော့ဘုရားဝင်း၌ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်း၍သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မျိုးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ရဲရင့်ထွေးနှင့် တပ်ဖွဲ့ဝင်များက မင်္ဂလာဒုံမြို့နယ် ကျိုက်ကလော့ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



# ဘားအံမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဘားအံ စက်တင်ဘာ ၃

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅)ကို ဘားအံမြို့ ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောစံယဉ်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲအပိုင်းလိုက်ဆောင်ရွက်မည့် မြို့နယ်များပြမြေပုံ၊ ရွေးကောက်ပွဲအပိုင်းလိုက်တွင် ပါဝင်သောစက်များ ဖြန့်ခွဲပုံ၊ MEVM စက်များနှင့်ပတ်သက်၍ ဖွဲ့စည်းထားရှိသောအဖွဲ့များ၊ မဲဆန္ဒနယ်မြေ သတ်မှတ်ကြေညာခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အလုံခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်

အလုံ စက်တင်ဘာ ၃

အလုံခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ဒုတိယနေ့ကို အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းကို ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ်(ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်) ၅၄ ဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရှစ်ဦး စုစုပေါင်း ၆၂ ဦးတို့ဖြင့် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ နည်းပြခုနစ်ဦးက နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)





# ဘိုကလေးမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းပွဲကျင်းပ

ဘိုကလေး စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲမင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းမှ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းများ တက်ရောက်ကြပြီး ဆွေးနွေးပွဲ၌ ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က ပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးဆိုင်ရာများအတွက် ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”**

## ဒုတိယဝန်ကြီးဦးထိန်လင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ ကြံ့ခိုင်မှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ မြို့နယ်အားကစားကွင်း၊ ကာယဗလ လေ့ကျင့်ရေးရုံများ ကြံ့ခိုင်မှုအခြေအနေ၊ ပြည်ခရိုင် အားကစားကွင်း ပွဲကြည့်စင်နှင့် အားကစားကွင်း ပြင်ဆင်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ရွှေတောင်မြို့ရှိ အားကစားကွင်း၊ အားကစားရုံများ ကြံ့ခိုင်မှုအခြေအနေနှင့် နတ်တလင်းမြို့ရှိ အားကစားကွင်းကြံ့ခိုင်မှု အခြေအနေ၊ ဇီးကုန်းမြို့နှင့် ကြို့ပင်ကောက်မြို့ရှိအားကစားကွင်းများ ကြံ့ခိုင်မှုအခြေအနေ၊ သာယာဝတီမြို့ရှိ အားကစားရုံနှင့် ခရိုင်အားကစားကွင်း ကြံ့ခိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သာယာဝတီခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေးမြို့၌ တတိယအကြိမ် ဓမ္မစကြာပူဇော်ရွတ်ဆိုမှုပြိုင်ပွဲ ကျင်းပ

ရေး စက်တင်ဘာ ၃

မွန်ပြည်နယ် ရေးမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တတိယအကြိမ် ဓမ္မစကြာ ပူဇော်ရွတ်ဆိုမှုပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ရန်ကြီးအောင်ရပ်ကွက်၊ ရွှေဆံတော်ဘုရား ဓမ္မာရုံတော်၌ ကျင်းပသည်။



အခမ်းအနားတွင် ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်ပညာဇောတက အခြေခံပညာကျောင်းများ၌ ဓမ္မစကြာ ပူဇော်ရွတ်ဆိုမှုပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ယဉ်ကျေးလိမ္မာသော သားကောင်း သမီးကောင်း ရတနာများ ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓသာသနာ၏ အနှစ်သာရကိုသိရှိပြီး ငယ်စဉ်ကပင် ဗုဒ္ဓတရားတော်နှင့်အညီ လိုက်နာ နေထိုင်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်ကြောင်း ဆုံးမဩဝါဒကထာ ချီးမြှင့်ပေးသည်။

ထို့နောက် ဓမ္မစကြာပူဇော်ရွတ်ဆိုမှုပြိုင်ပွဲ စတင်ခဲ့ရာ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ငါးဦးက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပေးပြီး ဝတ်ရွတ်အသင်း ငါးသင်းမှ တစ်သင်းချင်းအလိုက် ကျောင်းသူ ၂၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဓမ္မစကြာအမွှန်းရွတ်ဆိုမှုပြိုင်ပွဲနှင့် အဖွဲ့လိုက်ရွတ်ဆိုမှုပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိသည့် အနော်ရထာအသင်း၊ ကျန်စစ်သားအသင်း၊ ဗန္ဓုလအသင်းတို့အား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

## ဆေးကုသမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

မန္တလေး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Good Brother Co.,Ltd. မှ အာမခံအလုပ်သမားအား ဆေးကုသမှုအကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများဖြစ်သည့် မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှုငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်ခံစားခွင့်၊ အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့်စသည့် အာမခံအလုပ်သမားများခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီးတာဝန်ခံအရာရှိက အာမခံ အလုပ်သမား ဦးဇော်ဝင်းအား ဆေးဖိုးခွင့်ပြုငွေ ၄၆၅၀၂၄၇ ကျပ်ကို တာဝန်ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဝန်ထမ်းများရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း

## မိုးနဲမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မိုးနဲ စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်မိန့်ခွန်းပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာနှင့်ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၁၆ နှစ်အောက် အမျိုးသားအသင်း ခုနစ်သင်း၊ အမျိုးသမီးအသင်း လေးသင်းနှင့် အသက် ၁၈ နှစ်အောက် အမျိုးသားအသင်း သုံးသင်းပါဝင်ပြီး ယနေ့တွင် နားခံ အထက(ခွဲ) အသင်းနှင့် ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



## သဃ်န်းကျွန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ (မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁ ရက်နံနက်ပိုင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ ၂၆ အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မိုး (သဃ်န်းကျွန်း)

## ထားဝယ်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ထားဝယ် စက်တင်ဘာ ၃

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောအောင်မွန်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တစ်ပြိုင်တည်းဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ကျွမ်းကျင်တတ်မြောက်စေရန် ယခုကဲ့သို့လေ့ကျင့်ရေး( မွမ်းမံ )သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထားဝယ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး ( မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၅)တွင် တာဝန်ရှိသူများက သင်တန်းသား ၅၀ အား စက်တင်ဘာ ၂၆ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ ဒီ)၊ မြေကွက်အမှတ် (၄၂/၁.အ)၊ မြေဧရိယာ (၀.၀၂၈)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်တို့မိတ်ဆွေ **ဒေါ်မြသန်း** [၉/မလန(နိုင်)၀၀၉၂၁၇]၏ ငွေကြေးများဖြင့် အတူနေ သမီးတစ်ဦး ဖြစ်သည့် **ဒေါ်ခန့်ခန့်ချော** [၉/မလန(နိုင်)၀၄၂၆၂၉]အား ၎င်း၏အမည်ဖြင့် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုဝယ်ယူစေခဲ့ပြီး သက်ဆိုင်ရာ မြို့မြေစာရင်း ဌာနတွင် ဒေါ်ခန့်ခန့်ချော အမည်ဖြင့် မှတ်သားတည်ရှိသော်လည်း ဒေါ်ခန့်ခန့် ချောမှာ ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ၏ အမည်ခံ၊ အမည်ငှားတစ်ဦးသာဖြစ် ခြင်းကြောင့် ယင်းပစ္စည်းကို ကျွန်ုပ်တို့မိတ်ဆွေ တစ်ဦးတည်းကသာ လက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်– ၇၈၂၊ ဦးပိုင်အမှတ်– ၁–အ/၂၇လမ်း၊ ၆၉x၇၀ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးညီမော်ကွန်း [၉/မနတ (နိုင်)၀၀၂၇၈၅]၊ ဒေါ်ရူပါအေးသန်းဝင်း [၉/မရတ(နိုင်)၀၀၀၄၄၇]တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၆၁/ကံဘဲ့၊မြေကွက်အမှတ် ၇/သ၊ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်(၂၁/က)၊အင်းယားရိပ်သာလမ်း၊(၁၀)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ဒေါ်ကျင်ငွေ(၇/ပခန(နိုင်)၂၂၆၉၄၅)၊ဦးအောင်မြင့်(WAW-085724)၊ဦးမြင့်အေး(WAW-085725) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်များကိုယ်တိုင်မှစွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာမြေစာရင်းမှတ်ချက်(၁)ရှိ ၁၉၉၈မြေပုံကူးလျှောက်မှတ်ချက်အားရှင်းလင်းရန်အကြောင်းကြားခဲ့ရာဒေါ်ကျင်ငွေ၊ဦးအောင်မြင့်၊ဦးမြင့်အေးတို့မှဝင်စာအမှတ်–၇၇၂၄/၂၃–၇–၂၅ဖြင့် (၁၉၉၈)ခုနှစ်တွင်ဒေါ်ကျင်ငွေ+၂မှအိမ်ဆောက်ရန်မြေပုံကူးလျှောက်ထားခဲ့ပြီး အိမ်ဆောက်လုပ်ခြင်းမရှိခဲ့ပါသဖြင့်အိမ်ဆောက်လုပ်ရန်မြေပုံအားထုတ်ယူခဲ့ ခြင်းမရှိပါကြောင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူပါ ကြောင်း၊အဆိုပါမြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း ရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊ လျှဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းကျမ်း ကျိန်လွှာအမှတ်–၈၅၄/၂၀၂၅(၁၇–၇–၂၀၂၅)ပူးတွဲ၍နိုင်ငံသားစိစစ်ရေး ကတ်၊နှစ်(၆၀)မြေငှားဂရန်တို့တင်ပြ၍စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက် ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါ သည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိ ပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၅၊ မြေကွက်အမှတ်– ၃၁၁၊ မြေကွက်တည်နေရာအမှတ်– ၃၁၁၊ ဝါရှောင်လမ်း၊ ၄၅ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးမောင်စိန် [၁၂/စခန(နိုင်)၀၁၄၀၀၀]၊ နှစ်(၆၀)မြေငှား စာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်စိန်(ဖခင်)နှင့် ဒေါ်အကြွေ(မိခင်)၊ မောင်ဖြစ်သူ ဦးဗိုလ်ဗိုလ်၊ ဦးဌေး(ကွယ်လွန်)တို့ အသီးသီးကွယ်လွန်သဖြင့် မွေးချင်း(၃)ဦးအနက် ကျန်တစ်ဦး ဖြစ်သူ ဒေါ်စန္ဒာအေး [၁၂/ဒဂမ(နိုင်)၀၀၉၈၀၉]မှ မိမိမှာ ကျန်ရစ်သူသမီးတစ်ဦးဖြစ် ကြောင်း၊ မိဘများမှာ မိမိတို့ မောင်နှမ(၃)ဦးသာ မွေးဖွားခဲ့ပြီး အခြားအမွေစား အမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း၊ မိဘများနှင့် မောင်များ သေဆုံးသဖြင့် အထက်ပါ မြေနှင့်အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်များအား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ မောင်ဖြစ်သူများ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သည့် သေစာရင်း၊ ပါမစ်ပျောက်ဖြင့် ထုတ်ယူထား သည့် ဂရန်၊ နိုင်ကတ်တို့ဖြင့် မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ တစ်ခြမ်းတွင် တစ်ထပ်အုတ်ညှပ် (၁)လုံးရှိပြီး ကျန်တစ်ခြမ်းမှာ မြေကွက်လပ် ဖြစ်ကာ ခြံကာထားပါသည်။ လျှောက်ထားသူမှ သေဖွင့်ပြကာ အရှုပ်အရှင်းမရှိ ပါကြောင်း၊ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကွင်းဆင်း ဖောင်တွင် လက်မှတ်ရေးထိုးပေးပါသည်။ မိခင်နှင့်မောင်ဖြစ်သူတို့ သေစာရင်းမှာ သံသယရှိသဖြင့် သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့ မေးမြန်းခဲ့ရာ ၎င်းသေစာရင်း လက်မှတ်ပါ အချက်အလက်များ ပေးပို့ထားသော ရုံးလက်ခံ၊ သေဆုံးမှုမှတ်ပုံတင် စာအုပ်တွင် ပူးတွဲပါအချက်အလက်များ ဖြည့်သွင်းထားကြောင်း အချက်အလက် များပေးပို့လာပြီး မြေစာရင်းမှတ်ချက်ရှိ ၂၀၂၀ခုနှစ် အမည်ပေါက်၏ ဇနီးဖြစ်သူမှ အရောင်း Portion + မြေကွက်ခွဲ၊ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခဲ့ရာ ထုတ်ယူထား သော မြေပုံများ၊ ပြန်လည် အပ်နှံရန်အတွက် ရှာဖွေရာတွင် အရောင်း portionနှင့် မြေကွက်ခွဲမြေပုံသာ တွေ့ရှိပြီးပိုင်ဆိုင်မြေပုံပျောက်ဆုံးနေကြောင်း ကျမ်းကျိန်လွှာ ပူးတွဲပြီး ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာကာ သေစာရင်းတိုင်ကြားသူနေရာ တွင် အမည်ကွဲလွဲနေမှုနှင့်ပတ်သက်၍ ရှင်းလင်းစေရာ လျှောက်ထားသူမှ သေစာရင်း တိုင်ကြားသည့်နေရာတွင် အမည်ကွဲလွဲနေခြင်းမှာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့် လျှောက်ထားသူ၏ အမျိုးသားမှာ ထည့်သွင်းခဲ့ခြင်းဖြစ်ပြီး သေစာရင်းများကို သေဆုံးသူ၏ သမီး/အစ်မကိုယ်တိုင် ထုတ်ယူခဲ့ပါကြောင်း ကွဲလွဲနေမှုနှင့် ပတ်သက်ပြီး ပြဿနာတစ်စုံ တစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူပါကြောင်း ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် ဒေါ်စန္ဒာအေးမှ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ် )**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်– (၁၃) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်– (၉၃)၊ မြေကွက်အမှတ်– (၁၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ **ဒေါ်ကြည်အောင်** အမည်ပေါက် **ပါမစ်**မြေကွက် **(၁)ကွက်**အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် **ဒေါ်ကြည်ကြည်မြင့်** [၉/မရမ(နိုင်)၀၀၆၀၀၄]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်စန္ဒာကျော်** [၁၄/ကလန(နိုင်)၁၃၈၃၄၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်– (၁၄/၁၅/၁၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်–(၉၃)၊ မြေကွက်အမှတ်– (၁၄/၁၅/၁၆)၊ အကျယ်အဝန်း (၁၂၀x၆၀)ပေရှိ **နှစ်(၆၀)ဂရန်**မြေကွက် **(၃)ကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို **ဒေါ်ကြည်ကြည်မြင့်** [၉/မရမ(နိုင်)၀၀၆၀၀၄]မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ **ဒေါ်ခင်စန္ဒာကျော်** [၁၄/ကလန(နိုင်)၁၃၈၃၄၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၅၇၆၄)**
**အမှတ်–၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ (၁) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၃၈)၊ ဦးပိုင်အမှတ်(၂၄–က+၂၅–စ)၊ ၃၆x၃၇ကြား၊ ၈၃x ၈၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဆွေအေး ထံမှ အပေးစာချုပ် အမှတ် (၃၇၇၃/၂၀၂၂)ဖြင့် လက်ခံခဲ့သူ ဦးမိုးအောင်နှင့် အပေးစာချုပ်အမှတ် (၃၇၇၄/၂၀၂၂)ဖြင့် လက်ခံခဲ့သူ ဦးကောင်းဇံ(ခ)ကောင်းစံမှာ ဦးပိုင် (၂၄–က)အား ဦးမိုးအောင်၏ (SP ရရှိသူ ဒေါ်မာလာဦး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၉၂၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကောင်းဇံ(ခ)ကောင်းစံ [၉/မရတ(နိုင်) ၁၁၅၉၉၇]က အမှုတွဲအမှတ် [၀၂၈၄/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆]ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၂၈၈)၊ ဦးပိုင်အမှတ်(၁၁–ပ/၁၅/၁)၊ ၃၅x၃၆ ကြား၊ ၈၇x၈၈လမ်းကြားရှိ ဦးမောင်ကို၊ ဒေါ်စိန်လှ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၈၁၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးတင်ဝင်း၊ ဒေါ်ခင်သီတာ၊ ဒေါ်ကြည်ဌေး၊ ဒေါ်ခင်သက်ဝါ၊ ဒေါ်ခင်သက်မာ၊ ဦးအောင်ကျော်မိုးတို့ထံမှ အရောင်း အဝယ်စာချုပ်အမှတ်(၂၁၀၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းအောင် [၁/ကမန (နိုင်)၀၆၅၆၁၃]က အမှုတွဲအမှတ်(၀၂၈၃/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ–၉)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၃၀လမ်း၊ ၆၀(F)လမ်းထောင့်ရှိ တောဂရန် မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြင့် ကွယ်လွန်၍ အမွေ ဆက်ခံစာချုပ်အမှတ်(၆၉၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စိန်ရီ [၉/မနတ(နိုင်)၀၈၂၀၇၉]၏ (SP ရရှိသူ ဒေါ်ဇေမျိုးထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၈၁/၂၀၂၅–၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၈၊ မြေကွက် အမှတ်– ၆၈၉၊ မြေကွက်တည်နေရာအမှတ် –၆၈၉၊ ဓမ္မသုခလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှအုန်း (ISN–၅၂၃၆၀၄) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးလှအုန်း(ဖခင်)နှင့် ဒေါ်ကျင်ငွေ (မိခင်)တို့ အသီးသီးကွယ်လွန်ခဲ့ပြီး သားသမီးများအဖြစ် ဒေါ်မြင့်မြင့်အေး၊ ဦးရဲမင်း သိန်း၊ ဒေါ်ညိမ်းညိမ်းအေး၊ ဦးကိုကိုလွင်၊ ဒေါ်ရင်ရင်မင်း၊ ဦးရဲလင်းနိုင်တို့ (၆)ဦးအား မွေးဖွားခဲ့ကြောင်း၊ သားသမီး (၆)ဦး အနက် သားတစ်ဦးဖြစ်သူ ဦးရဲလင်းနိုင်သည် (၂–၂–၂၀၁၆)ရက်နေ့တွင် အိမ်ထောင်မရှိ လူပျိုကြီး ဘဝဖြင့် အမွေစားအမွေခံကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝ မရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ကျန်သား သမီးများဖြစ်သော ဒေါ်မြင့်မြင့်အေး[၁၂/ရကန(နိုင်)၀၂၇၅၅၀]မှ ၎င်းကိုယ်တိုင်နှင့် ဦးရဲမင်းသိန်း[၁၂/ရကန(နိုင်)၀၂၇၂၉၇]၊ ဒေါ်ညိမ်းညိမ်းအေး[၁၂/ရကန(နိုင်)၀၆၀၂၃၇]၊ ဦးကိုကိုလွင်[၁၂/ရကန(နိုင်)၀၆၂၅၈၃]၊ ဒေါ်ရင်ရင်မင်း[၁၂/ဗဟန(နိုင်)၀၈၆၈၃၅] တို့ ကိုယ်စားအထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်–၁၉၈၇၁/၂၀၂၃(၁၅–၉–၂၀၂၃) ဖြင့် ရယူပြီး ၎င်းတို့ မောင်နှမ (၅)ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း နှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါ ကြောင်း ကျမ်းကျိန် လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)၊ အထွေထွေကိုယ်စား လှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက–ညောင်လွန့် Grade–12 (B)တွင် ပညာသင်ကြားနေသော မောင်အောင်ခန့်ကျော် ၏ ဖခင် အမည်မှန်မှာ ဦးဇော် [၉/တကန (နိုင်)၁၁၁၃၀၈] ဖြစ်ပါကြောင်း။

**ဦးဇော်**
**[၉/တကန(နိုင်)၁၁၁၃၀၈]**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂–၉–၂၀၂၅) ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်စန္ဒာထွန်း၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းအား ဝယ်ယူသူ ဦးအောင်ကျော်ဝင်း [၁၂/လသန (နိုင်) ၀၀၂၂၁၇] ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ အမှတ်(၁၀) ရပ်ကွက်နေ ဦးသန်းထွန်း [၁၄/ လပတ(နိုင်)၁၅၆၆၈၅]၏ သမီး မရွှေဇင်ဝင်း ၏ အမည်မှန်မှာ မရွှေစင်ဝင်း ဖြစ်ပါကြောင်း။

**မရွှေစင်ဝင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း Grade – 12 တွင် ပညာသင်ကြားနေသော မမေသဥ္ဇာထက် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်**
**[၁၂/အစန(နိုင်)၀၆၅၂၃၈]**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးဝင်း၏ သမီး မအိဖြူဝင်း [၁၄/ကခန (နိုင်) ၁၂၀၃၀၆]၏ ပတ်စ်ပို့နံပါတ် (MH–568545) ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၄၈၂၅၄၀၂**

## ပျောက်ဆုံးကြောင်း

ဦးစိုးမင်းသိန်း [၉/အမဇ (နိုင်) ၀၁၀၅၉၉]၊ သင်္ချာသားမှတ်ပုံတင် နံပါတ် (၅၉၈၃၁)ကိုင်ဆောင်သော (RESULT SHEET) စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

**Ph: 09-974804437**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၄၉၂–ဇ)၊ ဦးပိုင် အမှတ်(၈၅)၊ ၅၅x၅၆ ကြား၊ ၂၅x၂၆ လမ်းကြားရှိ ဒေါ်ရွှယ်ရှီး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၉၂၇/ ၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးဆိုင်းဒူ [၉/ခအဇ(နိုင်) ၀၂၁၄၇၈]၊ ဦးဆိုင်းနော် [၉/ခအဇ (နိုင်) ၀၂၁၄၇၇]တို့က အမှုတွဲအမှတ် (၂၂၇၅/၂၀၂၅–၂၀၂၆)ဖြင့် အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ တိုးချဲ့)၊ မြေကွက်အမှတ်(၄၂)၊ ဧရိယာ(၁၅၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄/ တိုးချဲ့)ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ်(၄၂)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ **ဦးစံလှမောင် [၂/လကန(နိုင်)၀၀၆၆၇၂]**က ၎င်းသာလျှင် တရားဝင်လက်ဝယ်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **ဦးကျော် ငွေထွန်း [၉/တသန(နိုင်)၁၅၉၆၇၅]**နှင့် **ဒေါ်မြတ်နိုးဦး[၁၂/ဥကတ(နိုင်)၁၆၃၇၆၁]** တို့မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မင်းသူ့နှီးဖြိုး(စဉ်–၁၂၈၄၆)** — **ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)**
**[တရားလွှတ်တော်ရှေ့နေ]** — **[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.I.P.L,** — **[LL.B,D.B.L,D.I.L,D.I.P.L,**
**DL–101 WIPO (Switzerland)]** — **DL–101 WIPO (Switzerland)]**

**ဖုန်း– ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ၂၈–၈–၂၀၂၅ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ–၁၉ ၌ ဦးထူးအံ့၏ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်အပေါ် ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုးမှ အများသိစေရန် ဖြေရှင်းကြေညာခြင်း

ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုး[၁၂/သဃက(နိုင်)၁၇၃၂၀၈]နှင့် ဦးထူးအံ့[၁၂/ ဗဟန(နိုင်)၁၀၈၃၅၄]တို့သည် တရားဝင် အကြင်လင်မယားများဖြစ်ကြပါ သဖြင့် ၂၈–၈–၂၀၂၅ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဦးထူးအံ့၏ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်းသည် ဇနီးဖြစ်သူ ဒေါ်ပွင့်ကေခိုင်အပေါ် လင့်ဂတ္တရားနှင့်အညီ ကျေးမွေးထောက်ပံ့လိုခြင်းမရှိပါ၍ ဦးထူးအံ့မှ တစ်ဖက်သတ် ကြေညာခြင်းသာ ဖြစ်ပါသည်။

တရားဝင် လင်မယားများဖြစ်ကြ၍ ပစ္စည်းများခွဲဝေပြီး နှစ်ဦးသဘောတူ ကွာရှင်းမှသာလျှင် လင်ခန်းမယားခန်း ပြတ်စဲမည်ဖြစ်ပါသဖြင့် ယနေ့ အချိန်ထိ ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုး [၁၂/သဃက(နိုင်)၁၇၃၂၀၈]နှင့် ဦးထူးအံ့[၁၂/ဗဟန(နိုင်)၁၀၈၃၅၄]တို့သည် တရားဝင်အကြင်လင်မယား များသာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုး** — **ဦးကီးတမ်ရှိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၂၀)**
**၃၃လမ်း၊ ၆၃ နှင့်၆၄ လမ်းကြား။**
**ဖုန်း–၀၉–၂၄၅၀၃၇၇**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာ၊ သုခမ္မာကျောင်းလမ်းသွယ်၊ အလျား၂၀ပေxအနံ ၆၀ပေမြေနှင့် မြေပေါ်တွင်ဆောက်လုပ် ထားသည့် နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှုအခင်း အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ ဒေါ်အေးအေးမိုး(ဘ) ဦးကျော်လှထွန်း[၁၂/လကန(နိုင်)၀၃၂၅၉၀] (ခေတ္တ SINGAPORE)၏ ကိုယ်စား ဒေါ်နိုင်နိုင်မောင်(ဘ)ဦးကျော်လှထွန်း[၁၂/လကန(နိုင်)၀၉၈၂၉၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်အောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မဥ္ဇူအေးသိန်း (LL.B)** — **ဒေါ်ဝင်းမာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၂၂၅၇)** — **(အထက်တန်းရှေ့နေ)(စဉ်–၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**၀၉–၅၀၄၁၄၈၃ ၊ ၀၉–၄၃၀၂၃၃၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၁၂)၊ ဦးပိုင်အမှတ်(၁၁–ခ)၊ ၁၉x၂၀ကြား၊ ၆၀(စီ)လမ်းရှိ ဒေါ်လှနိုင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၀/၂၀၂၅)ဖြင့် အမွေဆက်ခံ ခဲ့သော ဒေါ်ခင်ဂျမ်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်နုနုရီ၊ ဒေါ်တင်ကြူကြူဝင်း၊ ဦးလွင် အောင်ဖြိုး၊ ဒေါ်သူရိန်ဝင်းတို့ (၆)ဦးအနက် ဒေါ်ခင်ဂျမ်း ပါ (၃)ဦးထံမှ စွန့်လွှတ် စာချုပ်အမှတ်(၁၇၁၀/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်တင်ကြူကြူဝင်း [၉/မနမ (နိုင်)၁၁၄၄၉၇]၊ ဦးလွင်အောင်ဖြိုး [၉/အမဇ(နိုင်)၀၀၇၀၁၁]၊ ဒေါ်သူရိန်ဝင်း [၉/ အမဇ(နိုင်)၀၁၅၉၀၂]တို့က အမှုတွဲအမှတ် (၂၂၈၅/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက် အမှတ်(စ–၅)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၆လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးအောင်စန်းဦး [၉/မခန(နိုင်)၁၅၈၄၂၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၇၃/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချိုဌေး [၉/မခန(နိုင်)၀၄၄၁၈၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ ရွှေပေါက်ကံတည့်ဆင်းလမ်း၊ မြေကွက်အမှတ်(၇၁၂) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်မောင်[၁၂/အစန(နိုင်)၀၀၆၈၈၁] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်သက်သက်ခိုင်[၁၂/ဥကတ(နိုင်)၁၇၅၀၉၉]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာဆွေ [၁၂/ပဇတ(နိုင်)၀၃၀၈၈၁]က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝတ်ရည်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၄၉၉)**
**အမှတ်(၉၀၇)၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၆၂၄၇၉၉၆၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၃ ရပ်ကွက်၊ အကွက်အမှတ်(င–၁)၊ ဦးပိုင်အမှတ်(၁၁၁–ခ)၊ ၁၀၇x၁၀၈ လမ်းကြား၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးကျော်အေး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ကြည်လုံး [၉/မရတ(နိုင်)၀၉၀၀၀၀]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ပြင်စီမင်းသားကြီးလမ်း၊ အမှတ်(၅၆)တွင် တည်ထောင်ထားသော M BOSS Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်–129270519)သည် အောက်ဖော်ပြပါအမှတ်တံဆိပ်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ် (၇၁၄၄/၂၁–၈–၂၀၂၅)ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်–

**မှတ်ပုံတင်စာချုပ်အမှတ် – (၇၁၄၄/၂၀၂၅)**

အထက်ပါ "မြန်မာ့ရတနာ"ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "သဘာဝဓာတ်မြေဩဇာ"တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယင်းအမှတ်တံဆိပ်အား "သဘာဝဓာတ်မြေဩဇာ"ထည့်သွင်း၊ ထုပ်ပိုးမည့်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများပေါ်တွင်လည်းကောင်း အသားတံဆိပ်ပြုလုပ်၊ ရိုက်နှိပ်၊ ကပ်နှိပ်၍ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံတံဆိပ်များ၊ အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများမပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**M BOSS Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းယုယုမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၆၂၁)**
**အမှတ် (၉၃)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၃၁၉၇၈**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ဗိုလ်တထောင်ခရိုင် တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၆ နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၀**

| | | |
|---|---|---|
| ယူအေဘီဘဏ်လီမိတက် [၎င်း၏ကိုယ်စား ဒေါ်ခင်စောဦး အကြီးတန်းမန်နေဂျာ၊ပုဇွန်တောင် (ရေကျော်)ဘဏ်ခွဲတာဝန်ခံ] | နှင့် | ၁။ ဦးမျိုးမင်းသန့် ၂။ ဒေါ်ဝိုင်းချစ် ၃။ ဒေါ်စောစော |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် (၄၁) (မြေညီထပ်)နေ တရားရှုံး ၁။ ဦးမျိုးမင်းသန့် (ယခုနေရပ်လိပ်စာမသိသူ)၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ တိုက်အမှတ် (၆)၊ အခန်း (၁၂)နေ တရားရှုံး၊ ၂။ ဒေါ်ဝိုင်းချစ် (ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ် (၂၂) မြေညီထပ်နေ တရားရှုံး၊ ၃။ဒေါ်စောစော (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၆ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်ငြိမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## BCC ကျပြီး မြေညီတိုက်ခန်းသစ်အမြန်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ (၁၀)လမ်း၊ ယခင်မြောက်ဥက္ကလာပအဝိုင်းအနီးတစ်လမ်းကျော် သုဓမ္မာလမ်းမကြီးမှဝင် (၂)ခန်းတွဲ (၆)ထပ်တိုက်အသစ် **မြေညီထပ်၊ ထပ်ခိုးပါ** ၁၄ပေx ၅၄ပေ အိပ်ခန်းဖွဲ့ပြီး ပရိဘောဂပစ္စည်းအစုံ၊ ၁၅ပေx ၃၀ပေ ဂိုဒေါင်တစ်လုံးအပါအဝင် လူနေခွင့်ကျပြီး၊ လူနေရန်အဆင်သင့် ရောင်းမည့်ဈေး သိန်း (၂၄၀၀) အမြန်ရောင်းမည်။
ဦးရာလူ ရမည်။
**စုံစမ်းရန်ဖုန်း – ၀၉–၅၀၀၀၆၇၃၊ ၀၉–၅၁၅၉၁၃၄၊ ၀၉–၄၂၈၆၂၄၃၆၃**

## ကန့်ကွက်ကြော်ငြာချက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ် (၁၅၁ ဃ)၊ ကွင်းအမည် (တောကွင်း)၊ ဦးပိုင်အမှတ်(၂)၊ မြေမျိုးနှင့်အတန်း (အဆောက်အဦမြေ)၊ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊သထုံမြို့၏ (၂၁–၇–၁၉၉၇)ရက်စွဲပါစာအမှတ်–၆၁၁/၃–၁/(အထထ)ဖြင့် အခွန်အမှုတွဲအမှတ် (၄၀/၉၇–၉၈)အရ ဒေါ်ခင်သိန်းရင်အမည်ဖြင့်စားကျက်မြေအဖြစ်မှ ထုတ်နုတ်ခွင့်ပြုကြောင်း ဆင့်ဆိုချက်ရရှိထားသည့် မြေဧရိယာ (၃.၇၆)ဧကရှိ မြေနေရာအား **"တောင်တန်းသာ"**အမည်ဖြင့် ဟိုတယ်အဆောက်အဦမြေအဖြစ် ဆောက်လုပ်အသုံးပြုရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် ချထားပေးပါရန် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဦးဝင်းသိန်းနိုင်(ခ)နိုင်နိုင် [၁၂/ကမရ(နိုင်)၀၀၆၉၃၉] နှင့် ဦးဝင်းသောင်း[၁၂/ကမရ(နိုင်)၀၂၈၂၉၂]တို့(၂)ဦးမှ အောက်ဖော်ပြပါ အလားလေးရပ်အတွင်း လျှောက်ထားမှုဖြစ်ပါသည် –

| | | |
|---|---|---|
| (က) အရှေ့ဘက် | = | နိုင်ငံပိုင်မြေ(State Land) |
| (ခ) အနောက်ဘက် | = | ဆိပ္ဖူးတောင်ဘုန်းတော်ကြီးကျောင်း ကျောင်းမြေ၊ စားကျက်မြေ |
| (ဂ) တောင်ဘက် | = | စားကျက်မြေ |
| (ဃ) မြောက်ဘက် | = | စားကျက်မြေ |

၂။ အထက်ပါ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်မာစွာဖြင့် တင်ပြ၍ ယနေ့ ကန့်ကွက်ကြော်ငြာစာ ထုတ်ပြန်ထားရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပြီး တင်ပြလာသည့် ကန့်ကွက်ချက်များအပေါ် လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုက်ထိုမြို့**

## ဦးစိုးဝင်းထွဏ်း [၁၂/တမန(နိုင်)၁၀၆၅၆၁] ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးမိုးဟိဏ်းကျော်[၁၂/တမန(နိုင်)၁၀၆၀၂၅] နှင့် ဒေါ်ဆုမြတ်ထူး [၁၂/တမန(နိုင်)၁၀၆၀၂၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများနှင့် ဦးစိုးဝင်းထွဏ်းတို့သည် ဦးဆန်းမင်းနှင့် ဒေါ်တင်အေးရီတို့မှ မွေးဖွားသော သားသမီးအရင်းချာများဖြစ်ကြပါသည်။ မိခင်၊ ဖခင်တို့သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် အသီးသီးကွယ်လွန်ခဲ့ကြပြီး (၂၀–၈–၂၀၂၁) ရက်နေ့တွင် မိသားစုစီမံမှုပြုလုပ်ခွဲဝေယူရန်အတွက် နှစ်ဦးနှစ်ဖက်ချုပ်ဆိုသည့် သဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆို၍ ဦးစိုးဝင်းထွဏ်းမှ ၎င်းရရှိမည့် အမွေဝေစုအားလည်း ရယူပြီးဖြစ်ပါသည်။ ဦးစိုးဝင်းထွဏ်းသည် မိခင်၊ ဖခင်များ ကွယ်လွန်ချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေများအပေါ် ကိုယ်စိတ်နှလုံးသုံးပါး အမျိုးမျိုး စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ငွေကြေးများအား အတင်းအဓမ္မတောင်းယူခြင်းများကို အမြဲတစေပြုလုပ်နေပါသဖြင့် ကျွန်ုပ်မိတ်ဆွေများမှာ ဦးစိုးဝင်းထွဏ်း၏ ရိုင်းစိုင်းစွာပြုလုပ်မှုများကြောင့် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်ရသည့်အပြင် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း အရှက်ရ၊ ဂုဏ်သိက္ခာကျဆင်းခဲ့ရသဖြင့် ယနေ့သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ညီ၊ မောင်အဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စနှင့် အခြားကိစ္စအရပ်ရပ်အားလုံးတို့အား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးစိုးဝင်းထွဏ်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမိုးဟိဏ်းကျော်** | **ဒေါ်သင်းသီရိအောင် (LL.B)** |
| **[၁၂/တမန(နိုင်)၁၀၆၀၂၅]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၄၈)** |
| **ဒေါ်ဆုမြတ်ထူး** | **အခန်း–၃၀၁/၁၊ တိုက်–၉/၁၁၊ ၃၆–လမ်း၊** |
| **[၁၂/တမန(နိုင်)၁၀၆၀၂၆]** | **ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း–၀၉–၇၉၈၄၄၀၉၈၄၊ ၀၉–၂၅၄၁၁၀၃၁၀** |

## "ဦးဇော်ထက်ဦးနှင့်အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ယင်းမာမြိုင်(၃) လမ်း၊အမှတ်(၃၄၀)တွင် နေထိုင်သူ ဒေါ်ဂျူလိုင်ကျော်မိုး [၁၂/ သဃက(နိုင်) ၁၆၄၂၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရသိစေအပ်သည်မှာ –

Pawfection Pet Hotel & Pet Spa Yangon အမည်ဖြင့် အိမ်မွေးတိရစ္ဆာန်လေးများ၏အလှအပနှင့် ကျန်းမာရေးများကို ဝန်ဆောင်မှုပေးနေသော လုပ်ငန်းအားလုပ်ကိုင်လျက်ရှိသော ဒေါ်ဂျူလိုင်ကျော်မိုးထံတွင် တိရစ္ဆာန်လေးများအား စောင့်ရှောက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ငပု တောမြို့နယ်မှ ဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင်သော ဦးဇော်ထက်ဦး [၁၄/ငပတ(နိုင်)၂၄၇၈၈၁]သည်အလုပ်ရှင် ဒေါ်ဂျူလိုင်ကျော်မိုး၏ခွင့်ပြုချက်ရယူခြင်း၊ အသိပေးခြင်းတို့မရှိဘဲ ဝင်ထွက်ခွင့်မရှိသော အလုပ်ရုံးခန်းတွင်းသို့ ဝင်ရောက်၍လုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ မွှေနှောက်ကာ ၎င်းအလိုရှိသည့်အချက်အလက်များနှင့် စာရွက်စာတမ်းများယူဆောင်ထွက်ပြေးသွားသဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအား လိုက်နာခြင်းမရှိသူ ဦးဇော်ထက်ဦးအား (၂–၉–၂၀၂၅)နေ့မှစ၍အလုပ်မှထုတ်ပယ်ခဲ့ပြီးဖြစ်၍ Pawfection Pet Hotel & Pet Spa Yangon နှင့် သက်ဆိုင်မှုမရှိကြောင်း၊ လုပ်ငန်း၏ အမည်နာမအား အသုံးပြု၍ ကိုယ်ကျိုးဆောင်ရွက်ပါက ဥပဒေနှင့် အညီတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့သော်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၂၅/၂၀၁၄)**
**ဖုန်း–၀၉–၄၃၀၇၃၈၁၅၊ ၀၉–၄၄၈၅၃၉၀၀၀**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ငါးလာချောင်းအုပ်စု အမြင့်ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော (ဘ)ဦးမောင်မြင့်၏သားဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/ဇလန(နိုင်)၀၈၈၁၇၉] ကိုင်ဆောင်သူ ဦးဝင်းလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ(၁၃–၉–၁၉၆၆) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကြည်ရွှင်၏ သမီး ဒေါ်ချယ်ရီမမ [၁၂/တမန(နိုင်) ၀၅၄၈၂၀] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
**ဖုန်း–09–254310635**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၀)၊ ဦးပိုင်အမှတ်– ၃.အ/၈(ခဲစင်း)၊ ၃၄x၃၇ကြား၊ ၈၈(A) လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နီလာဝင်း၊ ဦးသန်းနိုင်ဦး၊ ဒေါ်နိုင်နိုင်ဝင်းတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၁၁၆၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြတ်သူ [၅/စကန(နိုင်)၃၂၀၇၀]က အမှုတွဲအမှတ်(၀၂၈၂/ဘခွဲ(ပြောင်း)/ ၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ (၁၁)နယ်မြေ၊ ရတနာ(၂)လမ်းနှင့် အင်ကြင်းလမ်းထောင့်၊ ကွင်းအမှတ် (၆၇၅/က)၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဦးပိုင်အမှတ် (၃၈/၅)၊ ဧရိယာ (၀.၁၀) ဧကအကျယ်ရှိ ဦးတိုးကြိုင်(လ)အမည်ဖြင့် မြေခွန်ပြေစာ စည်းကြပ်လျက်ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတိုးကြိုင်(ဘ) **ဦးညာဏ်ထွန်း [၁၂/မဂတ(နိုင်)၀၁၈၇၆၇]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာထွန်း(ဘ) ဦးထွန်းမြင့် [၁၂/သလန(နိုင်)၀၉၄၀၁၈]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၃၆၂/၂၀၁၇)**
**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉ – ၄၂၀၂၅၃၇၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၇၈၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေအကျယ်ရှိ **ဦးလဖွန်ယော်(BMO–၀၈၅၇၁၅)** အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်(အရပ်ကတိ)စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမြင့်ဦး[၁၂/ကတန(နိုင်)၀၅၀၄၅၉]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၅၁၄၃၈၀၂**

## "ကုန်အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၃–လမ်း၊ အမှတ်(၁၄)၊ Mother Land Condo ၊ ပထမထပ်နေ ဒေါ်လွင်မာဦး [၁၂/ မဂတ (နိုင်) ၀၉၀၉၄၃]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (4/7070) ဖြင့် မှတ်ပုံတင်သွင်းထားသည့် အမှတ်အသားတံဆိပ်မူပိုင်ရှင်ဖြစ်ပါသည် –

**စာချုပ်အမှတ် – 4/7070/2025**

အထက်ဖော်ပြပါ "L" Lwin Mar Mobile ဟူသော ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ဖုန်းအမျိုးမျိုး၊ ဖုန်းအပိုပစ္စည်းအမျိုးမျိုး၊ ဖုန်းနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ မှာယူတင်သွင်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း၌ ဖြန့်ဖြူး ရောင်းချရန် ဆိုင်ခန်းဖွင့်လှစ်၍သော်လည်းကောင်း၊ Online မှသော်လည်းကောင်း ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မပါရှိဘဲ အခြားမည်သူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မှိုင်းမြင်ထုတ်လုပ်သုံးစွဲခြင်း၊ ပုံတူပုံမှား ပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားကို ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝမပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တားမြစ်ချက်အား လိုက်နာမှုမရှိပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုများအပေါ်တွင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–14964)**
**အမှတ် (44)၊ 122–လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– 09–965043955**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၃၅၊ မြေကွက်အမှတ်- ၄၉၂၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးမောင်ရှိန်(ခ)သောင်းရှိန် (AD-၀၅၀၈၀၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံသူ ဦးဇော်မိုးအောင်[၁၂/သလန(နိုင်) ၀၀၀၀၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၈၈)**
**အမှတ်– ၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း (၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်– ၁၃၄၊ ဆည်ဗထူးလမ်း၊ မြေကွက်အမှတ်– ၇၃၆၊ ဧရိယာ–(၀.၀၅၅) ဧက အကျယ်အဝန်းရှိ ဒေါက်တာကြည်သိမ့်သိမ့်သူ [၁၂/စခန(နိုင်)၀၀၁၈၃၇] အမည် ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဇမ္ဗူကျော် [၅ /ဒပယ(နိုင်)၀၇၈၂၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ် ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းမေကြည်အေးမောင်(LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၈၈)**
**အမှတ်– ၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း(၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆–ရပ်ကွက်၊ မိုးမခ–၅လမ်း၊ အမှတ်– ၁၀၈၆ နေ **ဒေါ်စန္ဒာဝင်း[၁၂/ဥကတ(နိုင်)၁၆၂၁၇၀]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်စန္ဒာဝင်း [၁၂/ဥကတ(နိုင်)၁၆၂၁၇၀]** နှင့် **ဦးညာဏလွင် [၁၂/ဒဂမ (နိုင်)၀၂၁၆၁၄]**တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၂၅–၈–၂၀၂၅)ရက်နေ့တွင် **ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ တရားရုံးတော်၌ မှတ်ပုံတင်အမှတ်– (၃၃/၂၀၂၅)ဖြင့် နှစ်ဦး သဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်**ကို ပြုလုပ်ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၈၈)**
**အမှတ်– ၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း (၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဟားကရာလမ်း၊ အမှတ် (၁၃၄)၊ ပထမထပ် (ယာဘက်အခန်း)၊ (15' x 35')အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းလွင်ဦး (၁၂/လသန (နိုင်) ၀၀၀၅၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစိတ်တဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူ မည်သူမဆိုသည် ဤကြေညာချက်ပါရှိသည့်နေ့မှ ( ၇ )ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဝင်းနိုင် (မုံရွာ)** | **ဒေါ်သင်းသင်းညို** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၇၀၉/၉၁) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၈၆/၁၄) |

အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-15)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 - 5169610, 09 - 785169610

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြသီရိ(၁)လမ်း၊ မြေကွက်အမှတ်(၆၄၄)ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၂/၆၅ပေ) အကျယ်အဝန်းရှိ ဒေါ်လှမြင့် အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၆၄၇)နှင့် ကပ်လျက် ဘက်ခြမ်း၊ (အလျား ၂၀ပေx အနံ ၆၂/၆၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်း အဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးကြည်လွင် [၁၂/ကမတ(နိုင်)၀၀၆၈၇၆]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မွှေး မွှေးဦး [၁၂/ဒဂမ(ပြု)၀၀၀၁၅၈]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09–954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (သကတ–၁၀)၊ လူနေရပ်ကွက်အမှတ် –၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၅၉၅)၊ မြေဧရိယာအကျယ်အဝန်း– (၀.၉၂၇)ဧကဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးအားကျဲ(ခ)ဦးအောင်ကြူမွှေး [၉/မကန(နိုင်)၁၄၈၈၁၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ KUDOZ COMMUNICATION COMPANY LIMITED ၏ ကိုယ်စား ဒေါ်ကြည်သာဝင်းပြည့် [၁၂/ဗတထ(နိုင်)၀၃၈၅၂၉] မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက် အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဆွေဇင်ဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၀၉၁၉) (၁၀–၄–၂၀၁၉)**
**အမှတ်(၉၀)၊ ၆–လွှာ၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09–953048977**

## ရန်ကုန်တိုင်းဒေသကြီး၊တွံ့တေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း ကွင်းအမှတ်(၀၁)၊အုပ်စုအမှတ်(RA-1)၊အကွက်အမှတ် (တ–၀၆)၊မြေကွက်အမှတ်(၀၉၄၄)၊ဧရိယာ(၁၀၀'× ၁၀၀') ရှိသည့် ယာယီမြေပေးမိန့်အမျိုးအစား ဦးဇော်ဇော်ဦး (၁၂/တတန(နိုင်)၀၀၁၃၀၉)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်တရားဝင်အမည်ပေါက်သူ- ဦးဇော်ဇော်ဦး ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူ များရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B )** |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၄၄/၂၄၆/၂၅၆)ရှိ ပင်လုံထိပ်ထားအဆောက်အဦ၏ မြေပိုင်ဆိုင်ခွင့်ရရှိသူများမှ အခွန်ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းများအတွက် အများသိရှိနိုင်ရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–13F3၊ မြေကွက်အမှတ် Northern 1/4 of II 1၊ 2nd Northern Quarter of II 2၊ Southern 1/2 of II 2၊ နှစ်(၆၀)မြေငှားဂရန်ရရှိထားသော ဦးမောင်မောင် (ခ) ချင်ကျင်ဟွေ့ အမည်ပေါက် (၃)ကွက်တွဲ (၁၀၀ ပေx၆၀ ပေ)ရှိမြေပေါ်တွင် ဆောက်လုပ်ထားသော ပန်းဆိုးတန်းလမ်း၊ အမှတ် ၂၄၄/၂၄၆/၂၅၆ ဟု ခေါ်တွင်သည့် မြေနှင့် မြေပေါ်ရှိ အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင် တရားရုံးအမိန့်ဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန် တရားရုံးကိုယ်စားလှယ် ခန့်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ (၃)ဦးဖြစ်သော (၁) ဦးအောင်ဝင်း [၁၂/ကတတ(နိုင်)၀၁၀၅၉၁]၊ (၂) ဦးမောင် မောင်ဝင်း [၁၂/လသန(ဧည့်)၀၀၀၆၆၆]နှင့် (၃) ဦးအောင်ဇော်မြင့် [၁၂/လမတ (ဧည့်)၀၀၀၄၂၃]တို့မှ ရန်ကုန်တိုင်းအခွန်ရုံးတော်တွင် တန်ဖိုးဖြတ်ခံယူရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တရားရုံးအမိန့်ဖြင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိ သည့်နေ့ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးခင်စိုး LL.B, DL, 101 WIPO (SWITZERLAND)**
**(စဉ်–၂၈၇၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၉)၊ မနော်သုခလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–443148536, 09–420257767**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၈၀၄)၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက် တည်နေရာအမှတ် (၈၀၄)၊ တကောင်း (၂)လမ်း၊ ၁၄/ရွှေပေါက်ကံ၊ ဒေါ်စန္ဒာ (N/OKA- ၀၉၄၆၆၆)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်စန္ဒာမှ နှစ်(၆၀)ဂရန်မူရင်း ခရီးသွားရင်းပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အဆိုပါ ဂရန်မူရင်းအား ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၀၄၁/၂၀၂၅ (၃-၄- ၂၀၂၅)၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ (၉–၁၀–၂၀၂၄) ရက်နေ့ ဒေါ်စန္ဒာမှ အရောင်းမြေပုံထုတ်ယူထားခြင်းနှင့်ပတ်သက်၍ ဝင်စာ အမှတ်– ၆၅၁၄/၂၅–၆–၂၀၂၅ ရက်စွဲပါ စာဖြင့် (၉–၁၀–၂၀၂၄)ရက်နေ့တွင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ မြေရာဇဝင်ထုတ်ယူခဲ့ပြီး အဆိုပါ မြေပုံ မြေရာဇဝင် မူရင်းမှာ ခရီးသွားအထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါ ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပါကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း၊ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်- ၆/၁၆၉၇/၂၀၂၅ (၂၄-၆-၂၀၂၅) တို့ပူးတွဲတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၁)လှိုင်ရတနာလမ်း မြေကွက်အမှတ်(၉၄၄)၊ဧရိယာ(၄၈' × ၆၀')ရှိသည့် နှစ်(၆၀)မြေငှါးဂရန် အမျိုးအစား၊ ဦးသူရိန်ဝင်း(၁၂/ဥကတ(နိုင်)၁၆၅၈၂၄)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင်အမည်ပေါက်သူ-ဦးသူရိန်ဝင်း ကိုယ်တိုင်က တရားဝင်ပိုင်ရှင် အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံ ကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

| | | |
|---|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** | အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) | ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 | ရန်ကုန်တိုင်းဒေသကြီး။ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မန္တလေးလမ်း၊ မြေကွက် အမှတ်(၁၁၄)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးလှဝင်း [၉/မရမ(နိုင်)၀၇၈၂၀၈]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီး အပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ် ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားခိုင် (LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၆၈၂၃)** | **(စဉ်–၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B)** | |
| | **(စဉ်–၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ–၁၀)၊ ဦးပိုင်အမှတ်– ၁–ခ/၂(၄)၊ ၁၁၂x ၁၁၃ လမ်းကြား၊ ၇၅xကိုလံဗိုလ်မြောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၆၇၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇင်မင်းထိုက် [၁၃/လလန (နိုင်) ၀၇၄၉၈၅]က အမှုတွဲအမှတ် (၂၂၈၃/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် (၇၂၀)၊ ဦးပိုင်အမှတ် (၅၆–င)၊ ၇၃လမ်း၊ ၂၈x ၂၉ လမ်းကြားရှိဘိုးဘမြေကွက် အမည်ပေါက်သော ဒေါ်ဝါဝါမြင့်[၉/မရမ(နိုင်)၀၀၁၄၈၀]၊ ဦးဇော်လင်း [၉/မရမ (နိုင်) ၀၀၁၄၈၁]က အမှုတွဲအမှတ် (၀၂၈၅/ဘခွဲ(ကျန်)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲကျန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးမြင့်ဆွေ [၁၂/တတန(နိုင်)၁၁၅၂၀၄] (ဘ) ဦးအောင်လှနှင့် ဒေါ်အေး လဲ့မော် [၁၂/မဘန(နိုင်)၀၈၀၄၉၀] (ဘ) ဦးလှဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၂၈–၈–၂၀၂၅)ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက် ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေနှင့် ဒေါ်အေးလဲ့မော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးလွင် B.Sc, H.G.P, R.L(II)**
**အထက်တန်းရှေ့နေ (စဉ်– ၂၅၀၅၁)**
**အမှတ်– ၁၂၁/ဘီ၊ မြေညီထပ်၊ (၄၂)လမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၅၈၂၆၂၆၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်–(သကမ–၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်– (၁၂၁၆)၊ ဆရာစံလမ်းသွယ်ဟုခေါ်တွင်သော ပေအကျယ် (၄၀x၆၀)ပေမြေကွက်၊ ဒေါ်အေး ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အရပ် ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်း လင်းအောင် [၈/မလန(နိုင်)၀၇၁၇၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမပော် [၉/ကပတ(နိုင်)၁၈၉၈၆၆]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လို သည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ပိုင်ဆိုင်သည့်စာချုပ်စာတမ်း အထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း– ၀၉–၅၄၁၄၅၃၄၊ ၀၉–၄၂၀၄၃၁၀၉**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ င/က–ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၉/၇၄)၊(၂၄၀)နေ ဒေါ်စန်းရီ[၁၂/သဃက (နိုင်)၀၂၉၁၄၈]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းရီသည် လွန်ခဲ့သော (၃၁–၇–၂၀၂၂)ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲ ကျော်စွာ(၁)လမ်း၊ အမှတ်(၁၈၂၈/ခ)ဟုခေါ်သော (အလျား ၂၀x အနံ ၆၀)ပေရှိ အိမ်ခြံမြေအား မူရင်းစာချုပ်စာတမ်းများနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ် ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အိမ်ခြံမြေ၏ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းရီ၏ ခွင့်ပြုချက် မရှိဘဲ မည်သူမဆို အဆိုပါ အိမ်ခြံမြေအားရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ် လှူဒါန်းခြင်း၊ တစ်စုံတစ်ရာအလွဲသုံးစားပြုလုပ်ခြင်းနှင့် ကျူးကျော်ဝင်ရောက် နေထိုင်ခြင်းများ မပြုလုပ်ရန် အလေးအနက်တားမြစ်အသိပေးအပ်ပါသည်။

အကယ်၍ တားမြစ်ချက်များကို လိုက်နာမှုမရှိဘဲ တစ်စုံတစ်ရာကျူး လွန်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စန်းရီ** | **ဦးငွေစိုး (LL.B)** |
| **[၁၂/သဃက(နိုင်)၀၂၉၁၄၈]** | **အထက်တန်းရှေ့နေ (စဉ်– ၂၂၅၆၀)** |
| **ဖုန်း–၀၉–၂၅၄၉၂၃၄၀၃** | **အမှတ်(၂၂၇)၊ ကန်တော်လမ်း၊** |
| | **လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။** |
| | **ဖုန်း– ၀၉–၅၁၂၇၁၉၉**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ် (၂၄) အကြီးစားစက်ရုံ(ဒဂုံ)ပိုင်
## မြေကွက်လွတ်များအား ပုဂ္ဂလိကသို့ နှစ်တိုငှားရမ်း
## ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန်(၁)၊ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်းတွင်တည်ရှိသည့် အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ရှိ အောက်ဖော်ပြပါ မြေကွက်များအား **စက်မှုထုတ်ကုန်၊ စားသောက်ကုန်နှင့် သိုလှောင်ရုံလုပ်ငန်းများ ဆောင်ရွက်ရန်** ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကာလတို (၅)နှစ်ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူသွားမည် ဖြစ်ပါသည်–

| | | |
|---|---|---|
| တင်ဒါအမှတ်စဉ် (၁) | မြေကွက်အမှတ်(၅၁၃A) | မြေလွတ်ဧရိယာ(၁.၉၁၇)ဧက |
| တင်ဒါအမှတ်စဉ် (၂) | မြေကွက်အမှတ်(၅၁၃)နှင့်(၄၇၇) | မြေလွတ်ဧရိယာ(၁.၀၅၀)ဧက |
| တင်ဒါအမှတ်စဉ် (၃) | မြေကွက်အမှတ်(၄၇၆ F) | မြေလွတ်ဧရိယာ(၂.၉၂၀)ဧက |
| တင်ဒါအမှတ်စဉ် (၄) | မြေကွက်အမှတ်(၄၇၆ F) | မြေလွတ်ဧရိယာ(၀.၂၈၃)ဧက |

၂။ အပိုဒ်(၁)ပါ တင်ဒါ(၄)ခုအနက် အဆိုပြုလွှာဝယ်ယူလိုသည့် တင်ဒါအမှတ်စဉ်အား တင်ဒါအဆိုပြုလွှာပုံစံ ရွေးချယ်ဝယ်ယူ၍ တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါသည်။

၃။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ တင်ဒါအဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်သို့ လိပ်မူ၍ (၂၉-၉-၂၀၂၅)ရက်နေ့၊ ညနေ (၃:၀၀) နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းဖော်ပြသည့် တင်ပြစာ၊ ကုမ္ပဏီဆိုင်ရာအထောက်အထားများနှင့် သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် တင်ပြ၍ အထက်ပါလိပ်စာတွင် (၂၈-၈-၂၀၂၅) ရက်နေ့ မှစ၍ လာရောက်ဝယ်ယူနိုင်ပါသည်။ (သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန် ဖုန်း–၀၆၇–၄၀၈၆၇၅၊ ၀၆၇–၄၀၈၆၇၆)

## (၂၅-၈-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၅) ပါ ဒေါ်ခိုင်သဇင်စိုး (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၄)လမ်း၊ အမှတ်(၉၂၆ ၃/၂)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀xအနံ၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပေါ် အမွေဆိုင်များ အချင်းချင်းတွေ့ဆုံပြေလည်၍ သဘောတူစာချုပ်များ ချုပ်ဆိုပြီးဖြစ်ပါသဖြင့် အဆိုပါ အမှတ်(၉၂၆ ၃/၂)ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်ရောင်းချခြင်းအပေါ် ကန့်ကွက်ရန်မရှိတော့ပါသဖြင့် (၂၅-၈-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၅)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၆၀၀၈၉၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၄–လမ်း၊၅၅x၅၆ လမ်းကြား၊ အမှတ်–ဗ ၁၆၊ ၄(က) နေ အဖ–ဦးကျော်ထိန်း၏သမီး ဒေါ်အေမီကျော်[၅/ဝလန(နိုင်)၁၇၇၆၃၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀၁/၁၀၂)တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲ (၅)ထပ်၊ ရင်ခွဲတိုက်ရှိ ဒုတိယအလွှာ၊ စတုတ္ထထပ်(ခေါင်းရင်းခြမ်း)ရှိ (၁၃x၄၅)ပေ ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်တင့်တင့်ခိုင် [၁၂/မရက(နိုင်)၁၀၉၅၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်မြင့် (LL.B., D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၁၄၈)**
**အမှတ် (၁၉)၊ သဒ္ဒါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း – ၀၉– ၂၅၄၄၁၆၄၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(၄၈၉)၊ ဧရိယာ(၁၂၅၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၄၈၉)၊ အောင်သီတာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသာဦး (DBN–၀၀၀၈၃၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာဦး (ဖခင်)၊ ဒေါ်ခင်သိန်း (မိခင်)တို့ကွယ်လွန်သဖြင့် ဦးဟုတ်လီ(ခ)ဦးထွန်းထွန်းကျော် [၁၂/ဒပန(နိုင်)၀၄၄၆၅၉]၊ ဒေါ်သန်းသန်းငွေ(ခ)လင်ဘင်သန်း [၁၂/သကတ(နိုင်)၁၇၂၀၂၇] တို့မှ မိဘများကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက်ကို ၎င်းတို့မောင်နှမ (၂)ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ ဦးစဥ (ခ) ဦးသာဦး၊ ဒေါ်ခင်သိန်းတို့၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်များ၊ မွေးချင်းမောင်နှမ(၂)ဦးသာမွေးဖွားခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၃၂)မျိုးအား ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့် ရက်မှာ ၄-၉-၂၀၂၅ ရက်နေ့မှ ၁၈-၉-၂၀၂၅ ရက်နေ့အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် ရက်မှာ ၁၈-၉-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံ တစ်စောင်လျှင် ၅၀၀၀၀/–ကျပ်(ငါးသောင်းကျပ်) နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၈)၊ ရဲဝတ်ပစ္စည်းအရောင်းဆိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်–၀၆၇–၃၄၁၂၁၄၈ သို့ ဆက်သွယ်မေးမြန်း စုံစမ်း နိုင်ပါသည်။

**ရဲဝတ်ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်ပန်းခြံလမ်း၊ (၆/၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၁၅/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးမိုးဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ခင်စမ်းကြည်[၁၂/သဃက(နိုင်)၀၁၅၄၉၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နှင်းအေးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၃)၊ ငမိုးရိပ် (၈)လမ်း၊ တိုက်အမှတ် (၂၃၆)၊ (၂) ခန်းတွဲ (၆)ထပ်တိုက်မှ တတိယထပ်၊ (၄)လွှာ–အေ (ခေါင်းရင်းခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၁ ၁/၂ ပေ x ၄၇ပေ)ခန့်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြီး တိုက်ခန်းအပိုင်ရောင်းချသူ ဒေါ်သန္တာဆွေ (ဘ) ဦးမြင့်ဆွေ၊ မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၆၆၉၈၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးချစ်ကိုကို (ရွှေစာရေး) LL.B, WIPO–101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၄)**
**အမှတ် (၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၁၀၂၁၆၃၇၊ ၀၉–၇၆၅၄၄၂၅၃၄**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉၂ နှင့် ဆက်သွယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၉၈

| | | |
|---|---|---|
| ဦးအောင်မြင့်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်ထွန်း) | နှင့် | ဒေါ်အေမီခိုင် |
| **(တရားနိုင်)** | | **(တရားရှုံး)** |

**အမှတ်(၁၀၈)၊ ၃–လွှာ၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်အေမီခိုင် (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉၂ တွင်** ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် **ဦးအောင်မြင့်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်ထွန်း)**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆို နိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၁၅ ရက်**နေ့မွန်းမတည့်မီ **(၁၀:၀၀)**နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြညိမ်းအေး)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**အင်းစိန်ခရိုင်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် ရောက်ရှိမည့် နေ့ထူးနေ့မြတ်ဖြစ်သော တော်သလင်းလပြည့်နေ့ (ဂရုဓမ္မအခါတော်နေ့)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘာသာရေးဆိုင်ရာ ကာလပေါ်/ဓမ္မတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ (၅-၉-၂၀၂၅)ရက် (သောကြာနေ့)ညတွင် **"မေတ္တာတေးသံ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်–

(၅-၉-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မေတ္တာတေးသံ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မင်္ဂလာ(၁၂)ပါး | ပြင်ပအဆိုရှင် |
| ၂။ | ပဋ္ဌသိခ် | ပြင်ပအဆိုရှင် |
| ၃။ | မေတ္တာကြေးမုံ | ပြင်ပအဆိုရှင် |
| ၄။ | မြန်မာ့ကျက်သရေ | ဌာနအဆိုရှင် |
| ၅။ | ခုကောင်းမှုနောင်ကောင်း | ဌာနအဆိုရှင် |
| ၆။ | မေတ္တာသည်သာအမြတ်ဆုံး | ပြင်ပအဆိုရှင် |
| ၇။ | သူ့အလုပ်ကိုယ့်အလုပ် | ပြင်ပအဆိုရှင် |
| ၈။ | အလာလမ်းသာ၍ အပြန်လမ်းလှစေ | ပြင်ပအဆိုရှင် |
| ၉။ | စံပယ်ပန်း | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာတေးသံ | ပြင်ပအဆိုရှင် |

## ကွာရှင်းပြတ်စဲခြင်းအား ရုပ်သိမ်းပြီး အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်အမှတ်(၁၁) မြေညီထပ်နေ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးနေလင်းစိုးနှင့် ဒေါ်မိုးမိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးနေလင်းစိုး(ဘ) ဦးစိုးမြင့် [၁၂/ဥကမ(နိုင်) ၁၇၄၇၁၄] နှင့် ဒေါ်မိုးမိုးအောင် (ဘ) ဦးအောင်ငွေ [၁၄/ဓနဖ(နိုင်)၁၀၈၂၄၀]တို့သည် (၂၇-၆-၂၀၂၅)ရက်နေ့တွင် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ဦးနေလင်းစိုးမှ (၁-၈-၂၀၂၅)ရက်စွဲပါ နေ့စဉ်ထုတ် ကြေးမုံသတင်းစာတွင် **"အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း"** ခေါင်းစဉ်ဖြင့် ကြော်ငြာထည့်သွင်းခဲ့ပါသည်။

ယခုအခါတွင် နှစ်ဦးနှစ်ဖက်စလုံးမှာ တစ်ဦးနှင့်တစ်ဦး ဆက်လက်ထိခိုက်နစ်နာစေလိုသော ဆန္ဒမရှိကြဘဲ ယခုအချိန်ထိ မေတ္တာသက်ဝင် ချစ်ခင်စိတ်ရှိနေကြပြီး အတူတကွနေထိုင်ရန် ဆန္ဒရှိကြသဖြင့် နောင်ရေးရှေးရှု၍ ကွာရှင်းပြတ်စဲခြင်းအား ရုပ်သိမ်း၍ အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းနေထိုင်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းစိုးနှင့် ဒေါ်မိုးမိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္ဇူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၇၃၈)**
**အမှတ်(၉/၁၁)၊ အခန်း (၂၀၄)၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း – ၀၉–၄၀၁၆၀၁၇၉၇၊ ၀၉–၇၉၅၅၅၉၅၈၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဇီဇဝါလမ်းမကြီး၊ မြေကွက်အမှတ်(၉၂၃)၊ မြေညီထပ်+ထပ်ခိုး(ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေx၆၀ပေ)တိုက်ခန်း၊ **ဦးမြင့်ဆွေ၊ ဒေါ်တင်အုံး၊ ဒေါ်သန်းမြ** အမည်ပေါက် **မြေဂရန် (အချိုးကျ)ပိုင်ဆိုင်မှုမြေကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိ (အချိုးကျ) ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးမျိုးနောင် (N/OKA–014220)+ **ဦးမျိုးဇော်ဇော် [၁၂/ဥကမ(နိုင်)၀၁၈၀၇၈]**ထံမှ ကျွန်ုပ်မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို **ကန့်ကွက်လိုပါက** ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် **ယနေ့မှစ၍ (၁၄)ရက်အတွင်း** လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိခိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၉၁၂)**
**အမှတ်(၅၆၅/က)၊ မာန်အောင်လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၆၃၃၅၃၅၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၉)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၃)၊ မြေကွက်အမှတ်–၄/၁၁–၃၊ ၄/၁၁–၁၄၊ ဧရိယာ (၀.၅၅၅)ဧက၊ (၀.၀၁၅၄)ဧကရှိ မြေပိုင်မြေအမျိုးအစားပေါ်တွင်ဆောက်လုပ်ထားသော (၈)ထပ်တိုက် အဆောက်အဦ၏ (၈–လွှာ)၊ အခန်း (A–801)၊ (၁၂၄၂)Sqft အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဦးစန်းမွန်အောင် [၁၂/ဗဟန(နိုင်)၀၉၂၉၈၁]နှင့် ဒေါ်သီရိနိုင် [၁၂/မရက(နိုင်)၁၄၉၇၆၇]တို့ထံမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်စိုး [၁၂/မဘန(နိုင်)၀၃၅၈၉၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ –** | **ညွှန်ကြားချက်အရ –** |
| **ဦးအောင်ကျော်စိုး** | **ဒေါ်ခင်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)** |

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၂၅၆၃၂၂၀၉၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ဘန္ဓုပင်လမ်း၊ အမှတ်–၅ ဟုခေါ်တွင်သော (၇) ထပ်တိုက် အဆောက်အဦ၏ (၄)လွှာ(B)၊ ခြေရင်းခန်း၊ (အလျား–၁၂ ၁/၂ x အနံ–၅၀)ပေအကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ **ဒေါ်ခိုင်စုစံ [၇/သကန(နိုင်)၀၇၇၈၃၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၇၀၂)**
**တိုက်အမှတ်– ၂၁၄၊ Min Ye Kyaw Swar Residence၊ အခန်း– ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

❖ မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံစွာ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဘာသာရပ်ဆိုင်ရာ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်း သရေကျ



မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (ခ) ပထမနေ့ကို စက်တင်ဘာ ၃ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

**ခြေစစ်ပွဲအောင်မြင်ရေး**

အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအနေဖြင့် ကူဝိတ်အသင်းကို သရေကစားနိုင်သဖြင့် ကျေနပ်စရာရလဒ်ဖြစ်သော်လည်း ခြေစစ်ပွဲအောင်မြင်ရေးအတွက် လက်ကျန်နှစ်ပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ကူဝိတ်အသင်းကို အပြန်အလှန်ကစားနိုင်သော်လည်း တိုက်စစ်ပိုင်းတွင် အားနည်းချက်များရှိနေသဖြင့် ဂိုးမရဘဲ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၃ သို့ ❂

ယနေ့ ဖတ်စရာ

နိုင်ငံ့စီးပွားဟန်ချက်ညီစေရေး Primary Sector ကို လက်တွဲဖော်ဆောင်ပေး

ဆောင်းပါး စာမျက်နှာ ၈

ဂျာမနီနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့အကြီးဆုံး ကုန်စည်ပြပွဲတွင် မြန်မာ့ထုတ်ကုန်ပစ္စည်းများ ဝင်ရောက်ပြသမည်

စာမျက်နှာ ၁၁

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနော့ကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ ၁၅